မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၃)

သိပ္ပံ ၃ တော် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်ရုံများနယ်မြေရှိ စက်ရုံများကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်မြို့ရှိ အဆင့်မြင့် မီးခံအုတ်စက်ရုံတွင် ကြည့်ရှု စစ်ဆေးစဉ်။

(စက်မှု-၁)

နေပြည်တော် စက်တင်ဘာ ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီတွင် ကျောက်ဆည်စက်ရုံများနယ်မြေရှိ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)၌ ကုန်ချောကြိတ်စက်၏ စက်ကြွံခိုင်မှု အခြေအနေ၊ အသစ်လဲလှယ်မည့် Main Drive System မှ Gear Reducer အသစ်တပ်ဆင်မှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)၌ ဘိလပ်မြေအိတ် ထုတ်လုပ်မှု လုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့်မီးခံအုတ်စက်ရုံ၌ တန် ၆၃၀၊ တန် ၁၂၀၀၊ တန် ၃၅၀ အုတ်ရိုက်စက်များဖြင့် အဆင့်မြင့်မီးခံအုတ် ထုတ်လုပ်နေမှုနှင့် စက်ရုံမှထုတ်လုပ်သော မီးခံအုတ်အမျိုးမျိုးတို့ကို ကြည့်ရှု စစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက်ဘီးစက်ရုံ(ကျောက်ဆည်)၌ စက်ဘီးအစိတ်အပိုင်း ၁၅ မျိုး စမ်းသပ်ထုတ်လုပ်မှု၊ *စာမျက်နှာ ၉ ကော်လံ ၆* ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး များ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် မြင့်မားရေး

မြန်မာ့အလင်း
အင်တာနက် ကျန်းမာရေး

ရာသီဥတုအေးချိန်၌ နှလုံးရောဂါပိုမို တိုက်ခိုက်ခံရနိုင်ဟုဆို

ရာသီဥတုပြောင်းလဲမှုနှင့် နှလုံးရောဂါရရှိမှုတို့သည် ဆက်စပ်မှုရှိနေကြောင်း၊ ရာသီဥတုအေးလွန်းသည့်အချိန်၌ နှလုံးရောဂါရုတ်တရက် တိုက်ခိုက်ခံရတတ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

သွေးလည်ပတ်မှုမြန်ဆန်

ခန္ဓာကိုယ်တွင်း သွေးလည်ပတ်စီးဆင်းနေမှု အနေအထားကို လေ့လာသည့်အခါ အပူချိန်ပြင်းထန်သည့်အချိန်၌ သွေးလည်ပတ်မှု မြန်ဆန်နေကြောင်း၊ ထို့အပြင် သွေးကလာပ်စည်းများ လည်ပတ်မှု အားကောင်းနေတတ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

စစ်ဆေးတွေ့ရှိ

ထို့အပြင် နှလုံးရောဂါအခံရှိနေသူများအနေဖြင့် ရာသီဥတု အပြောင်းအလဲတွင် ဂရုစိုက်သင့်ကြောင်း၊ ဆောင်းရာသီကဲ့သို့သောကာလ၌ နှလုံးရောဂါ ရုတ်တရက်တိုက်ခိုက် ခံရသူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ပိုများလာကြောင်းသိရသည်။ ယင်းမှာ ရာသီဥတု အေးသည့်အချိန်၌ ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများအတွင်း သွေးစီးဆင်းမှု နှေးကွေးနေ တတ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟုဆိုသည်။

သတိပေးထား

နှလုံးရောဂါဖြစ်ပွားသူ ၂၀၀၀ ခန့်အား လေ့လာချက်အရ ၆၀ ရာခိုင်နှုန်းမှာ အေးသော ရာသီ၌ နှလုံးရောဂါပိုမို တိုက်ခိုက်ခံရနိုင်ကြောင်း သတိပေးထားသည်။

မြန်မာ့အလင်း **ဆောင်းပါးအညွှန်း**

မိုက်တဲ့သူက တွင်းတူး မိုက်နေလေတော့ ကျွန်တော်တို့ ပြည်သူတွေ အပိုင်းကလည်း သူတို့ကို အထူး သတိပြုစောင့်ကြပ် ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ် တွေ့ရှိရင် တာဝန်ရှိသူတွေ ထံ အချိန်မီ သတင်းပေးပို့ ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

လူသစ်၏ ဆောင်းပါး
စာ -၁၀တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်)

စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များ လက်တွဲဖော်ဆောင်

မြန်မာနိုင်ငံတွင် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသအလိုက် စက်မှုဇုန်ကြီး ၁၈ဇုန်နှင့် စက်မှုဇုန်ခွဲ ၂၈ဇုန်ကို ဖွဲ့စည်းထူထောင်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒနှင့် အံဝင်ခွင်ကျဖြစ်စေရန် ပုဂ္ဂလိကအခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးခဲ့ရာ အကြီးစားစက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကဖြစ်စေ၊ ဖက်စပ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ခွင့်ပြုထားသည်။

ရွှေပြည်သာ စက်မှုဇုန်အပိုင်း(၁)ရှိ Yangon Transformer & Electrical Co., Ltd. သည် ထရန်စဖော်မာစက်ရုံမှ စက်ရုံလုပ်ငန်းသုံးနှင့် ဓာတ်အားခွဲရုံသုံး ထရန်စဖော်မာ ထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် လေယာဉ်ကွင်းစီမံကိန်းအတွက် လေယာဉ်ပြေးလမ်းများတွင် အသုံးပြုမည့် ပြေးလမ်းအချက်ပြ မီးလုံးများအတွက် ထရန်စဖော်မာများ ထုတ်လုပ်ခြင်း၊ မြစ်ရေတင်စီမံကိန်းအတွက် လိုအပ်သော ထရန်စဖော်မာ ထုတ်လုပ်ပေးခြင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ပေးခြင်း စသည့် သွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

စက်ရုံထွက်ပစ္စည်းများကို ကုန်သွယ်ရေးမူဝါဒနှင့်အညီ ပြည်တွင်း၌သာမက ပြည်ပသို့ပါ တင်ပို့ပြီး နိုင်ငံတကာအရည်အသွေးပြည့်မီစွာ ထုတ်လုပ်ပေးလျက် ရှိသည်။

စက်မှုဇုန်အပိုင်း(၁)တွင် စက်ရုံ ၁၁၅ရုံလည်ပတ်လျက်ရှိပြီး စက်မှုဇုန်အပိုင်း(၂)၊ (၃)နှင့်(၄)တို့၌ လည်ပတ်စက်ရုံပေါင်း ၁၀၅ရုံ ရှိသည်။ အဆိုပါစက်ရုံများမှ အထည်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးနှင့် သံရည်ကျိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ စက္ကူနှင့်စာရေးကိရိယာပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်းနှင့် ရေထွက်ပစ္စည်းတို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်များသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန် လျှော့ချပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားရေးအတွက် ကြိုးပမ်းလုပ်ကိုင်လျက်ရှိရာ စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ ဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၂-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၁၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၈)

ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်စစ်ဆေး

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးမှာကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်ကို မေးမြန်းစစ်ဆေးစဉ်။ (ပညာရေး)

ရန်ကုန် စက်တင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားရေးလုပ်ငန်းများ၊ ကျောင်းသူများ၏ ပညာရည်တိုးတက်ရေး၊ ဘက်စုံပညာဖွံ့ဖြိုးရေး၊ စာရိတ္တမြင့်မားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

မေးမြန်းစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပုဇွန်တောင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်ကို မေးမြန်းစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၀၈ (တနင်္လာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **သီလဝိသုဒ္ဓိ** တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
- ၇:၄၅-၁:၄၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ဆံတော်ရှင် ဦးဇိနစေတီ
- ၇:၅၅-၁:၅၅ Soccer Update
- ၈:၁၀-၂:၁၀ Rainforest Homeland (အပိုင်း-၁)
- ၈:၄၀-၂:၄၀ MRTV-4 ကျန်းမာရေးကဏ္ဍ အသည်းရောင် အသားဝါဘီပိုး (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာဦးသံစစ်နှင့် တွေ့ဆုံခြင်း)
- ၈:၅၅-၂:၅၅ Activities in the City (တေးစီးရီးမိတ်ဆက်ပွဲ၊ သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အထိမ်းအမှတ်)
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀-၃:၃၀ စားချင်စဖွယ် နည်းအသွယ်သွယ် (မွေးနေ့ကိတ်ပြုလုပ်နည်း)
- ၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅-၃:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀-၄:၀၀ **နတ်လူသာခုခေါ်စေသောင်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅-၄:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀-၄:၃၀ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅-၅:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀-၅:၁၀ သာသနာ့သက်သေ မဟာပုဂံမြေ [ဒေါက်တာချစ်ငယ်(ဒဿန) Ph.D]
- ၁၁:၂၅-၅:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀-၅:၃၀ နိုင်ငံတကာအနုပညာရေးရာ
- ၁၁:၅၅-၅:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ရွှေလိပ်ပြာလေး ပိုင်ပိုင် နှစ်ပါးခွင်ဗွီစီဒီ)
- ၁၂:၂၅-၆:၂၅ Biz Net
- ၁၂:၃၅-၆:၃၅ တေးဂီတအစီအစဉ်
- ၁၂:၄၀-၆:၄၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
- ၁၂:၅၅-၆:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပခုက္ကူမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

ပခုက္ကူ စက်တင်ဘာ ၂၁

ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၂၀ရက် နံနက် ၉နာရီခွဲက အဆိုပါအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ခရိုင်အသင်း နာယက ဦးတင်မောင်စိုး၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ပခုက္ကူခရိုင်တာဝန်ခံ ဦးကျော်တင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်တို့က လည်းကောင်း၊ လေဘေးသင့်ဒေသများတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ကူညီခဲ့ကြသူများအား ဦးသန်းစိန်(ဖက်ဖူးရောင်စာပေ)နှင့် ဦးမျိုးမြင့် (ကုန်သည်ပွဲစားအသင်း)တို့က လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ (၀၇၀)

22-9 (02).pmd 1 9/23/2008, 2:40 AM

ဗဟိုအလုပ်မှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် စက်တင်ဘာ ၁၅ရက်က ဖလမ်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း ပညာအလင်းခန်းမတွင် ကျင်းပသည့် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်အားပေးသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းတို့က အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်သည် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ၊ ဖလမ်းမြို့နယ် သီးလီကျေးရွာအတွက် တီဗွီနှင့် စလောင်းဖမ်းစက် တစ်စုံ၊ ကျောင်းသားကျောင်းသူများအတွက် အဝတ်အထည်၊ စာအုပ်၊ ခဲတံနှင့် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ၊ သက်ကြီးရွယ်အိုများအတွက် မျက်မှန်များ၊ ခီသမ်းကျေးရွာ တံတားနှင့် ဒိုဘီတံတားတို့အတွက် အလှူငွေများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လေဘေးသင့်ဒေသ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အသင်းသားများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများအား ပေးအပ်ပြီး ခရိုင်အသင်းအတွင်းရေးမှူး ဦးကောလ်လျန်ထန်းက (၇၉)ကြိမ်မြောက် သွေးအလှူရှင် ဦးပီတာဖုံအုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဖလမ်းခရိုင်အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးတက်ရောက်ကုသနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ လုံပီးကျေးရွာရှိ ဖလမ်းခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စိုက်ပျိုးထားသော ဧက ၂၀၀ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၆ရက်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဟားခါးမြို့နှင့် ထန်တလန်မြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသည့် လိုင်ဗားရေအားလျှပ်စစ်စက်ရုံ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရမ်ကလောင် စံပြလက်ဖက်စိုက်ခင်းနှင့် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် သမဝါယမဦးစီးဌာနတို့၏ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် ဧက ၂၀၀ လက်ဖက်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၇ရက်တွင် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပသော အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ အခြေခံနှင့် အဆင့်မြင့်ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)အခမ်းအနားသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ၊ သက်ကြီးရွယ်အိုများအတွက် မျက်မှန်များ၊ ငှက်ဖျားကာကွယ်ဆေးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ပညာသင်ထောက်ပံ့ကြေး ရန်ပုံငွေများ၊ အင်္ဂလိပ် ဘာသာဆိုင်ရာ ပြည်နယ်အဆင့် အခြေခံနှင့် အဆင့်မြင့်ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်အောင်မြင်သူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား ပေးအပ်သည်။

ဂုဏ်ပြုဆုငွေ

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လေဘေးသင့်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သွားရောက်ကူညီခဲ့ကြသော အသင်းဝင်လူငယ်များ၊ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပြည်နယ်အဆင့်အခြေခံနှင့် အဆင့်မြင့် ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိ သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဟားခါးမြို့နယ် တိုင်းရောန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာပြည်သူများတို့ ပူးပေါင်းဆောင်ရွက်သော အသေးစား ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကျေးရွာအတွက် ဂြိုဟ်တုစလောင်းဖမ်းစက် တစ်စုံနှင့် ရုပ်မြင်သံကြားစက်၊ အဝတ်အထည်များ၊ စာရေးကိရိယာပစ္စည်းများ၊ သက်ကြီးရွယ်အိုများအတွက် မျက်မှန်များ၊ အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး ရေအားလျှပ်စစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးကာ၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်း ကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်တိုဘာ ၄ရက် (စနေနေ့)မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၂၀၅ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ Panda Hotel ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ တက်ရောက်ကြရန်နှင့် အစည်းအဝေးတက်ရောက်မည့်သူများသည် အောက်တိုဘာ ၁ရက် မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၈၃၇သို့ ကြိုတင်ဆက်သွယ် စာရင်းပေးပို့ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

သာကေတ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၅ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင်နှင့် လေးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

လက်ဆောင်များပေးအပ်

ထို့နောက်တိုင်းအလုပ်အမှုဆောင် ဦးတင်လှိုင်၊ အရှေ့ပိုင်းခရိုင်ခေတ္တအတွင်းရေးမှူး ဦးစိန်မြင့်၊ ခရိုင်အလုပ်အမှုဆောင် ဦးစန်းမောင်နှင့် မြို့နယ်အလုပ်အမှုဆောင် ဦးသော်တာထွန်းတို့က လေဘေးသင့်ပြည်သူများထံသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသင်းဝင်များ၊ သွေးလှူရှင်များ၊ ဖြိုးစေတနာဆေးခန်း ဆရာဝန်ကြီးများနှင့်အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ခရိုင်အလုပ်အမှုဆောင် ဦးစန်းမောင်ကဆောင်ရွက်၍ မြို့နယ်နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်အလုပ်မှုဆောင် ဦးနိုင်အောင်ကဖတ်ကြား တင်သွင်းပြီး တက်ရောက်လာသော ကိုယ်စားလှယ်များမှ ရေးရာအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ မြို့နယ်အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

ဟာဂူပစ်မုန်တိုင်း တရုတ်တိုင်ပေသို့ ဦးတည်ရွေ့လျားနေ

ပေကျင်း စက်တင်ဘာ ၂၁

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းကမ်းခြေသို့ ဦးတည်ကာ ဟာဂူပစ်အမည်ရှိ မုန်တိုင်းတစ်ခု ရွေ့လျားနေကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

(မြန်မာ့အလင်း၊ စက်တင်ဘာ ၂၁ စာ-၃)

အဆိုပါ မုန်တိုင်းသတင်းနှင့် ပတ်သက်ပြီး ဆက်လက်သိရှိရသည်မှာ ဟာဂူပစ်မုန်တိုင်း စက်တင်ဘာ ၂၁ရက် မွန်းလွဲပိုင်း၌ ဖိလစ်ပိုင်သို့ ဦးတည်နေရာမှ တရုတ်(တိုင်ပေ) အနောက်တောင်ပိုင်းသို့ လမ်းကြောင်းပြောင်းကာ ဦးတည်သွားကြောင်း တရုတ် မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ဝင်ရောက်တိုက်ခတ်နိုင်

လက်ရှိလမ်းကြောင်းအတိုင်း ဦးတည်ရွေ့လျားပါက စက်တင်ဘာ ၂၃ရက် နံနက်ပိုင်း၌ တရုတ်(တိုင်ပေ) အနောက်တောင်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိကြောင်း၊ ယင်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၃၆ကီလိုမီတာနှုန်းအထိ မွှေနှောက်တိုက်ခတ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။





နီပေါအနောက်ပိုင်း၌ မြေပြိုမှု ထပ်မံဖြစ်ပွား

ခတ္တမန္ဒူ စက်တင်ဘာ ၂၁

နီပေါနိုင်ငံအနောက်ပိုင်းတွင် စက်တင်ဘာ ၂၁ရက်က မြေပြိုမှုများ**(အပေါ်ပုံ)** ထပ်မံဖြစ်ပွားရာ ၁၀ဦးသေဆုံးသွားကြောင်း နီပေါ အရာရှိများက ပြောကြားသည်။

ရေလွှမ်း

မြေပြိုမှုဖြစ်ပွားသည့် ဒေသများမှာ ပါလ်ပါ၊ ကာလီကွတ်၊ ဂူလ်မီ၊ မက်ဒီနှင့်ကန်ချန်ပူရာ ခရိုင်များတွင် ဖြစ်ပြီး စုစုပေါင်း ၁၀ဦး သေဆုံးကာ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ ဒေသများတွင် မကြာမီရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာမှ မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် ဒါကာအရှေ့ဘက်၌ ငလျင်လှုပ် လူအများအပြား ထွက်ပြေးခဲ့ကြ

ဒါကာ စက်တင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့ဘက်တွင် စက်တင်ဘာ ၂၁ရက် ဒေသစံတော်ချိန် နံနက် ဖြနာရီက ရစ်ချ်တာစကေး ၄ဒသမ ၈အင်အားရှိသော ငလျင်လှုပ်သွားကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ မိုးလေဝသဌာနမှအရာရှိများက ပြောကြားသည်။

ပျက်စီး

ငလျင်ဗဟိုမှာ ဒါကာမြို့အရှေ့ဘက် ၇၆မိုင်ခန့်အကွာကို ဗဟိုပြုလှုပ်သွား၍ ဒါကာမြို့တွင် လူအများအပြား လမ်းမများအပေါ် ကြောက်လန့်တကြားပြေးထွက်ခဲ့ကြကြောင်း၊ အဆောက်အအုံအချို့ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်းသိရသည်။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း မိုင်းရယ်မြို့နယ်၌ ဖွင့်လှစ်

မိုင်းရယ် စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၂/၂၀၀၈)ကို ဩဂုတ်၃၁ရက်က မိုင်းရယ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

သင်တန်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်တင်က အမှာစကား ပြောကြားပြီး လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဝင်းရှိန်က စာကြည့်တိုက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးဦးမျိုးမြင့်က ရပ်ရွာပညာပဒေသာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းရွှေလှနှင့် စာထောက်-၃ ဒေါ်နန်းပီးတို့က စာကြည့်တိုက်ပညာရပ်များကို ဆွေးနွေးပို့ချသည်။

တက်ရောက်

သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးရွာအုပ်စုစာရေး ၄၅ဦး၊ ပညာရေးဌာနမှ ဆရာဆရာမ ၃၅ဦး စုစုပေါင်း ၈၀ တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လေ့လာသင်ကြား

တရုတ်နိုင်ငံတောင်ပိုင်း ဖူကျိူ့မြို့ရှိ ကျောင်းတစ်ကျောင်းတွင် ကလေးငယ်များ သိပ္ပံပညာရပ်ဆိုင်ရာများ ပိုမိုသင်ယူ တတ်မြောက်စေရန်အတွက် သင်ထောက်ကူပစ္စည်းများဖြင့် လေ့လာ သင်ကြားနေကြသည့် ကလေးငယ်များအား စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြောက်ဘက်၌ အမေရိကန်ဗုံးကြဲမှု အရပ်သားရှစ်ဦး သေဆုံး

တီကရစ် စက်တင်ဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ဆာလာဟူဒင်ပြည်နယ် ကျေးရွာတစ်ရွာရှိ နေအိမ်တစ်လုံးကို အမေရိကန်ရဟတ်ယာဉ်က စက်တင်ဘာ ၁၉ရက် စောစောပိုင်းတွင် ဗုံးကြဲတိုက်ခိုက်သဖြင့် မိသားစုဝင်ရှစ်ဦး သေဆုံးသွားခဲ့ကြောင်း ပြည်နယ် လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ပစ်မှတ်ထား

အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများကို ပစ်မှတ်ထား ဗုံးကြဲခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အရပ်သားများ ထိခိုက်သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

နေအိမ်မှာ လုံးဝ ပျက်စီးသွားပြီး မိသားစုဝင် ကလေးငယ်တစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ပြည်နယ်လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

နေအိမ်ကိုဝိုင်း

လမ်းဘေးဗုံးဖောက်ခွဲမှုတွင် ပါဝင်သည့် အကြမ်းဖက်သမား တစ်ဦးအား ဖမ်းဆီးရန် အမေရိကန်တပ်ဖွဲ့ဝင်များက နေအိမ်ကို ဝိုင်းထားသည်ဟု အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်တွင် အလုပ်လက်မဲ့များ များပြားလာ နှစ်၃၀ အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ဟုဆို

နယူးယောက် စက်တင်ဘာ ၂၁

အမေရိကန်နိုင်ငံတွင် စီးပွားရေးကျဆင်းလာမှုကြောင့် နယူးယောက်မြို့နှင့် နယူးယောက်ပြည်နယ်တွင် ယခုနှစ် ဩဂုတ်လအတွင်းက အလုပ်လက်မဲ့နှုန်း မြင့်တက်လာခဲ့ကြောင်း နယူးယောက် ပြည်နယ်အလုပ်သမားရေးရာဌာနက စက်တင်ဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

အမြင့်မားဆုံး

နယူးယောက်မြို့၏ အလုပ်လက်မဲ့နှုန်းသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ၅ရာခိုင်နှုန်းသာရှိရာမှ ယခုနှစ် ဩဂုတ်လအတွင်းက ၅ဒသမ ၈ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ လွန်ခဲ့သော နှစ် ၃၀ကျော်အတွင်း လစဉ်အလိုက် အလုပ်လက်မဲ့နှုန်း အမြင့်မားဆုံးဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းပေါင်း ၅၂၀၀ခန့် ဖျက်သိမ်းပစ်ခဲ့ရသောကြောင့် ထိုကဲ့သို့ အလုပ်လက်မဲ့နှုန်း မြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း အလုပ်သမားရေးရာဌာန၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ သည်နယူးယောက်တိုင်းမ် သတင်းစာက ဖော်ပြခဲ့သည်။

ဖော်ပြထား

လွန်ခဲ့သည့် ၁၂လအတွင်း ဘဏ္ဍာရေးပြဿနာများပေါ်ပေါက်ခဲ့မှုကြောင့် အလုပ်သမား ၅၃၀၀ကို လုပ်ငန်းတွင်းမှ အင်အားလျှော့ချပစ်ခဲ့ရကြောင်း ယင်းဌာနမှဆန်းစစ်လေ့လာသူတစ်ဦးဖြစ်သည့် ဂျိမ်းစ်ဘရောင်း၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

(အင်တာနက်)

အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံး၊ ၁၈ ဦးဒဏ်ရာရရှိ

မိုဆူးလ် စက်တင်ဘာ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း တယ်လ်အာဖာဒေသတွင် စက်တင်ဘာ ၂၀ရက်က အသေခံဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စိုးရိမ်ရ

အသေခံဖောက်ခွဲရေးသမားမှာ ယင်းနေ့ညနေ ၅နာရီခန့်က ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်လာသည့် ၎င်း၏ကားကို ကစားကွင်းအတွင်းသို့ မောင်းနှင်ဝင်ရောက်လာပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူငါးဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မကြာခဏဖြစ်ပွား

တယ်လ်အာဖာမြို့မှာ မိုဆူးလ်မြို့တော်၏အနောက်ဘက် ကီလိုမီတာ ၇၀ အကွာတွင် တည်ရှိကာ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း၊ ပြီးခဲ့သည့် ဩဂုတ် ၈ ရက်ကလည်း တယ်လ်အာဖာမြို့ဈေးကြီးအတွင်း ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ၁၈ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိသွားခဲ့သည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ ကရီဖက်ဒ်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသည့် ခြောက်ပတ်သားအရွယ် ဆူမတြားကျားလေးနှစ်ကောင်အား စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။

(ယင်းကျားလေးနှစ်ကောင်မှာ ကရီဖက်ဒ်တိရစ္ဆာန်ဥယျာဉ်တွင် ပထမဆုံးသားပေါက်သည့် ကျားကလေးများဖြစ်ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ တယ်လ်အာဖာမြို့တွင် အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ရန် အရေးပေါ်လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲများ သူပုန် ၆၀ နှင့် အစိုးရတပ်ဖွဲ့ဝင် ၂၅ ဦး သေဆုံး

ကိုလံဘို စက်တင်ဘာ ၂၁

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် အစိုးရတပ်များက ဆက်လက်ထိုးစစ်ဆင်နေစဉ် တမီးလ်ကျားသူပုန်များနှင့် အစိုးရတပ်များအကြား တိုက်ပွဲများထပ်မံဖြစ်ပွားသည်။

ထိုတိုက်ပွဲများအတွင်း သူပုန် ၆၀ သေဆုံးကြောင်းကြေညာပြီး စက်တင်ဘာ ၁၉ ရက်က အပြင်းအထန်တိုက်ပွဲ၌ ထိခိုက်ကျဆုံးမှုအသေးစိတ်ကို အစိုးရတပ်က ဖော်ပြထားသည်။

ထိုတိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် ၂၅ ဦးသေဆုံးခဲ့ကြောင်း ကျားသူပုန်သတင်းရပ်ကွက်က ပြောကြားသည်။

အပြင်းထန်ဆုံး

သီရိလင်္ကာနိုင်ငံ အနောက်မြောက်ကမ်းခြေရှိ နက်ချ်ချီဘူဒါမြို့ဝန်းကျင်တွင် ဖြစ်ပွားသည့်တိုက်ပွဲမှာ ဒုတိယနေ့၌ အပြင်းထန်ဆုံးဖြစ်သည်။

ကမ်းလွန်ပင်လယ်တိုက်ပွဲတွင် သူပုန်ရေယာဉ်အချို့ နှစ်မြုပ်သွားခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၁-၉-၂၀၀၈

တောင်ကိုရီးယား၌ အိုးအိမ်သစ်ငါးသန်း ထပ်မံတည်ဆောက်မည်

ဆိုးလ် စက်တင်ဘာ ၂၁

တောင်ကိုရီးယားအစိုးရအနေဖြင့် အိုးအိမ်လိုအပ်ချက်များပြားလာမှုနှင့် အိမ်ဈေးနှုန်းမြင့်တက်လာမှုကို ဖြေရှင်းပေးနိုင်ရန် လာမည့် ၂၀၁၈ခုနှစ်အရောက်၌ အိုးအိမ်သစ် ငါးသန်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ တောင်ကိုရီး ယားနိုင်ငံမြို့တော် ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် အိုးအိမ်သုံးသိန်းတည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၅ ဘီလီယံကျခံသုံးစွဲသွားမည်ဖြစ်ပြီး အသစ်ဆောက်လုပ်မည့် အိုးအိမ် ၁ ဒသမ ၅သန်းမှာ ဝင်ငွေနည်းမိသားစုများအတွက် ရည်ရွယ်ကြောင်း သိရသည်။

ကနေဒါ၌ ယာဉ်တိုက်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

အော့တဝါ စက်တင်ဘာ ၂၁

ကနေဒါနိုင်ငံ အွန်တာရီပြည်နယ်တွင် ကလေးငယ်၁၈ဦး တင်ဆောင်လာသည့် ကျောင်းကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး ယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စပိန်၌ ကားဗုံးနှစ်လုံးပေါက်ကွဲ၊ ခြောက်ဦးဒဏ်ရာရရှိ

မက်ဒရစ် စက်တင်ဘာ ၂၁

စပိန်နိုင်ငံမြောက်ပိုင်း ဘက်စ်ကွီစီရင်စုတွင် စက်တင်ဘာ၂၀ရက် ညပိုင်းက ကားဗုံးနှစ်လုံး ပေါက်ကွဲမှု **(ယာပုံ)**ဖြစ်ပွားရာ အနည်းဆုံး ခြောက်ဦး ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဝန်ဒါရာမြို့ ရဲစခန်းအနီးတွင် ပထမကားဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပွားရာ ခြောက်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ဒုတိယကားဗုံးမှာ ဗစ်တိုရီးယားဒေသ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

ဘရာဇီး ရဲတပ်ဖွဲ့ ကိုကင်းကီလို ၂၀၀ဖမ်းမိ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၁

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ယခုသီတင်းပတ်အတွင်း မူးယစ်ဆေးဝါးစစ် ဆင်ရေးပြုလုပ်စဉ် တရားခံနှစ်ဦးနှင့်အတူ ကိုကင်းကီလို ၂၀၀ ကို ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၁ရက်က သတင်းထုတ်ပြန်သည်။ တရားခံနှစ်ဦးမှာ တရားရုံးတော်၌ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး နောက် အနည်းဆုံး ထောင်ဒဏ် ၁၅နှစ် ကျခံရဖွယ်ရှိသည်။

တရုတ် ကပွဲစားရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွား ၄၃ ဦးသေဆုံး၊ ၈၈ ဦးဒဏ်ရာရရှိ

ပေကျင်း စက်တင်ဘာ ၂၁

တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်ရှိ ကပွဲစားရုံတစ်ခု စက်တင်ဘာ ၂၀ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး ၄၃ဦးသေဆုံးပြီး ၈၈ဦးဒဏ်ရာရရှိ သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ၂၁ရက်၌ သတင်းထုတ်ပြန်သည်။ အကဘုရင် အမည်ရှိ ယင်းကပွဲစားရုံမှာ ည ၁၁နာရီကျော်၌ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ၅၅ဦးခန့်မှာ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အခြေအနေကောင်းမွန်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၅၂၄ဦး ရှိသွားပြီ

ကဘူးလ် စက်တင်ဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ကျူးကျော်ကတည်းက ယနေ့အထိ အာဖဂန်နစ္စတန်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၂၄ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။ ယင်းတို့အနက် အမေရိကန်တပ်ဖွဲ့ဝင် ၃၇၅ဦးမှာ တိုက်ပွဲများ အတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။ (ကိုးကား-အင်တာနက်နှင့်ဆင်ဟွာသတင်းများ)

22-9 (04).pmd 1 9/23/2008, 2:41 AM

ရင်းနှီးမြှုပ်နှံမှုငွေဈေးကွက် ထိန်းချုပ်ရေးအစီအစဉ် အမေရိကန်နှင့် ဗြိတိန်ပိတ်ပင်ခဲ့ဟု မာကဲ စွပ်စွဲ

ဘာလင် စက်တင်ဘာ ၂၁

ရင်းနှီးမြှုပ်နှံမှု ငွေဈေးကွက်များကို တင်းကျပ် စွာကိုင်တွယ်၍ ဂျာမနီအစိုးရ၏ ကြိုးပမ်း အားထုတ်ခဲ့မှုများကို အမေရိကန် နှင့် ဗြိတိန်နိုင်ငံတို့က ပိတ်ပင်ဟန့်တားခဲ့ ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာကဲက စက်တင်ဘာ၂၀ရက်၌ စွပ်စွဲ လိုက်သည်။

ဩစတြေးလျနိုင်ငံ လင့်ဇ်မြို့ လူထု အစည်းအဝေးတွင် ဂျာမနီဝန်ကြီးချုပ် မာကဲက အထက်ပါအတိုင်း ပြောကြား သည်ဟု ဂျာမနီအသံလွှင့်ဌာနတစ်ခုက ကြေညာသည်။

မကြာမီ ရက်များအတွင်းက ဝေါစထရိ၌ ဘဏ္ဍာရေးကပ်ဆိုက်မှုကို ထုတ်ဖော်ကြေညာစဉ် ဂျာမနီဝန်ကြီးချုပ် မာကဲက သူ့ရပ်တည်ချက်ကို သက်ာရှင်း ကြောင်း စောင်းပါးရိပ်ခြည် ပြောလိုက်ခြင်း ဖြစ်သည်။

စက်မှုထိပ်သီး ရှစ်နိုင်ငံ (ဂျီ-၈)၌ ပြီးခဲ့သည့်နှစ်က သူ၏ ကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်ရသည်ဟုလည်း ၎င်းကပြော ဆိုသည်။

မြူးနစ်သတင်းစာ တစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်း၌လည်း ဝန်ကြီးချုပ် မာကဲက အမေရိကန်နှင့် ဗြိတိန်တို့ကို အလားတူဝေဖန်ပြောဆိုသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံတွင်၂၀၀၈အာရှ နက်ဝေ့ါဂိမ်း ညီလာခံကျင်းပလျက်ရှိရာ လာရောက်လေ့လာသူများ ပါဝင်ဆင်နွှဲနေသည်ကို စက်တင်ဘာ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သူတို့အတွေးနှင့်အမြင်

Reviewers are usually people who would have been poets, historian, biographiers,if they could; they have tried their talents at one or the other, and have failed; therefore they twin critics.

ဝေဖန်ရေးဆရာများသည် ကဗျာဆရာများ၊ သမိုင်းဆရာများ၊ အတ္ထုပ္ပတ္တိရေး ဆရာများဖြစ်လိုကြသည်။ ထိုသို့ဖြစ်ရန်အတွက်လည်း တစ်ခုမဟုတ်တစ်ခု ကြိုးစားခဲ့ကြ သည်။ သို့သော် မအောင်မြင်ခဲ့ကြပေ။ ဤသို့ဖြင့် သူတို့သည် ဝေဖန်ရေးသမားများ ဖြစ်လာကြသည်။

ဆင်မြူရယ်တေလာကိုးလ်ရစ်ချ်

(အင်္ဂလိပ်လူမျိုး ကဗျာဆရာ၊ ဝေဖန်ရေးဆရာနှင့် အတွေးအခေါ်ပညာရှင်)

A man's best fortune or his worst is a wife.

လူတစ်ယောက်၏ အကောင်းဆုံး သို့မဟုတ် အဆိုးဆုံးကံကြမ္မာမှာ သူ၏ ဇနီးမယားပင် ဖြစ်သည်။

ဂျိုးဇက်ပရက်စလေ

(အင်္ဂလိပ်လူမျိုးဘာသာရေးသမားနှင့်အတွေးအခေါ်ပညာရှင်)

စင်ကာပူနှင့်ဂျပန်လေကြောင်းဆိုင်ရာ တိုးမြှင့်လုပ်ဆောင်

စင်ကာပူ စက်တင်ဘာ ၂၁

စင်ကာပူနိုင်ငံနှင့်ဂျပန်နိုင်ငံရှိ မြို့များအားလုံးသို့ ခရီးသည်တင်လေယာဉ်နှင့် ကုန်တင် လေယာဉ်များ အကန့်အသတ်မရှိ ပျံသန်းပြေးဆွဲနိုင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် လေကြောင်းလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကို နှစ်နိုင်ငံအာဏာပိုင်များက သဘောတူညီ လိုက်ပြီ ဖြစ်သည်။

တိုးချဲ့ပျံသန်း

အဆိုပါကြေညာချက်ကို စင်ကာပူလေကြောင်းအာဏာပိုင်အဖွဲ့ (စီအေအေအက်စ်)က ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်ကာ စင်ကာပူနှင့်တိုကျို ဟန်နီဒါလေဆိပ်သို့ နေ့စဉ် လေကြောင်းခရီးစဉ် လေးကြိမ်ပျံသန်း ပြေးဆွဲရေးတို့လည်းပါဝင်ကြောင်း၊ ထို့ပြင် ၂၀၁၀ ပြည့်နှစ် မတ်လတွင်ပြီးစီးမည့် နာရေတာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ရေးအစီအစဉ် များပြီးစီးပါက စင်ကာပူလေကြောင်းလိုင်းမှ ဂျပန်နိုင်ငံသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ ပျံသန်းရေး အစီအစဉ်များပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်အထွေထွေရွေးကောက်ပွဲ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၈ရက်၌ ကျင်းပမည်

ဒါကာ စက်တင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုးကြိမ်မြောက် ပါလီမန်ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ကျင်းပမည်ဟု ဘင်္ဂလားဒေ့ရှ်အိမ်စောင့်အစိုးရ အကြံပေးအရာရှိချုပ် ဖာရူဒင်အာမက်က ဒါကာမြို့၌ စနေနေ့က ကြေညာသည်။

ဒီမိုကရေစီထူထောင်ရေးအတွက် လွတ်လပ်တရားမျှတပြီး အများလက်ခံနိုင် သည့် ရွေးကောက်ပွဲ ကျင်းပရာ နိုင်ငံရေး အစိုးရလက်ထဲသို့ အာဏာလွှဲပေးရန် ရည်ရွယ်ကြောင်း၊ ဤရည်ရွယ်ချက်မှ မည်သည့်အခါကမျှ မိမိတို့သွေဖည်ခြင်းမရှိ ကြောင်း ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ တစ်ဆင့် ဖာရူဒင်အာမက်က နိုင်ငံသို့ ကြေညာလိုက်သည်။

မူလက ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပရန် စီစဉ်ခဲ့သည့် အထွေ ထွေရွေးကောက်ပွဲကို ပါတီကြီးများအကြား အငြင်းပွားအကြမ်းဖက်လာမှုကြောင့် ရွှေ့ ဆိုင်းခဲ့ရသည်။

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးနှင့် ရွေးကောက်ပွဲပုံမှန်ကျင်းပနိုင်ရေးအတွက် အရေးပေါ်အခြေအနေမှ လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို လျှော့ပေါ့ပယ်ဖျက် ပေးမည်ဟုလည်း ၎င်းက ပြောဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သားသမီးဇောဖြင့် စိတ်နောက်ကိုယ်ပါ ပြုမိခဲ့ရာဝယ်....

နိုင်ငံတကာမှုခင်း

ဖရန်ကလင်း စီရင်စုမြို့လေးသည် အမေရိကန်နိုင်ငံ မစ်ဆောရီပြည်နယ်ရှိ စိန့်လူးဝစ်မြို့၏ အနောက်တောင်ဘက် ၄၅မိုင်အကွာတွင် တည်ရှိသည်။ အေးချမ်း ၍ သာယာလှပသော မြို့တစ်မြို့လည်း ဖြစ်သည်။

သည်းထိတ်ရင်ဖို

ဖရန်ကလင်းမြို့တွင် စတက်ဖနီ အော့ချ်ဆင်ဘီနီအမည်ရှိ အမျိုးသမီးနှင့် ရှန်နွန်တောရက်ဇ် **(ယာပုံ)**အမည်ရှိ အမျိုး သမီးတို့ နေထိုင်ကြသည်။ သူမတို့နှစ်ဦး သည် တစ်မြို့တည်းတွင် နေထိုင်ကြသော် လည်း တစ်ဦးနှင့်တစ်ဦး သိကျွမ်းခဲ့ကြဖူး ခြင်းမရှိခဲ့ပေ။ သို့သော်လည်း ကံကြမ္မာ ဖန်လာသောတစ်နေ့တွင်မူ သူမတို့နှစ်ဦး တွေ့ဆုံခဲ့ကြသည်။ ထိုသို့ သူမတို့နှစ်ဦး တွေ့ဆုံမှုသည် ရင်းနှီးလိုက်လှဲနွေးထွေး သော တွေ့ဆုံခြင်းမျိုး မဟုတ်ဘဲ သည်း ထိတ်ရင်ဖို တွေ့ဆုံခြင်းဖြင့် စတင်ခဲ့သည်။

ကျူးလွန်

စတက်ဖနီနှင့် ရှန်နွန်တို့သည် လွန်ခဲ့ သော နှစ်နှစ်က သည်းထိပ်ရင်ဖို ဖြစ်ရပ် နှင့် တွေ့ဆုံခဲ့ကြစဉ်တွင် စတက်ဖနီသည် အက်ဘီဂုဒ်အမည်ရှိ ဒုတိယသားလေးမွေး ဖွားပြီး ခုနစ်ရက်မျှသာ ရှိသေးသည်။

ထိုအတူ ရှန်နွန်သည်လည်း သမီးဦးလေး အား အသေမွေးဖွားခဲ့သဖြင့် စိတ်ထိခိုက် ကြေကွဲမှုကို နက်ရှိုင်းစွာ ခံစားနေရသော ကာလဖြစ်သည်။ ရှန်နွန်သည် သမီးဇော ဖြင့် သတိလက်လွတ်ဖြစ်ကာ ရာဇဝတ်မှုကို ကျူးလွန်မိခဲ့ရသည်။

အထမြောက်

သမီးဇောဖြင့် ရူးမတတ် ခံစားနေရ သော ရှန်နွန်သည် ၂၀၀၆ခုနှစ် စက်တင် ဘာ၁၅ရက်က သူမ၏သမီးအား ထွေးပိုက် ပြုစုခွင့် မရလိုက်သည့်အတွက် ယင်းနေရာ တွင် အစားထိုးရန် မိုက်မိုက်မဲမဲ ကြံစည်ခဲ့ မိတော့သည်။ ထို့ကြောင့် သူမနေထိုင်ရာ အရပ်မှ မိုင်အနည်းငယ် ဝေးသောအရပ်သို့ ကားမောင်းထွက်လာရင်း အိမ်တစ်အိမ်တွင် မွေးကင်းစ ကလေးငယ်အား နို့ချိုတိုက် ကျွေးနေသော မိခင်တစ်ဦးအား တွေ့လိုက်ရ ခြင်းက သူ၏အကြံအစည်ကို အထမြောက် သွားစေခဲ့သည်။ သူမ၏ သားကောင် ဖြစ်ခဲ့ရသူမှာ စတက်ဖနီတို့ သားအမိပင် ဖြစ်သည်။

ထွက်ပြေးလွတ်မြောက်

ရှန်နွန်သည် စတက်ဖနီတို့ သားအမိ အား မြင်တွေ့ရပြီးနောက် စိတ်ကူးရကာ သူ၏ခန္ဓာကိုယ်အတွင်း၌ သေနတ်နှင့်ဓား

ကို သိုဝှက်စွာ ယူဆောင်ခဲ့သည်။ ထို့နောက် သူမ၏ ကားပျက်သွားသောကြောင့် အကူ အညီတောင်းသည့်ပုံစံမျိုးဖြင့် စတက်ဖနီ၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ စတက် ဖနီ အလစ်အငိုက်မိချိန်တွင် စတက်ဖနီအား သေနတ်ဖြင့်ချိန်ကာ ကလေးအား လုယူခဲ့ သည်။

သို့သော်လည်း စတက်ဖနီက သား ငယ်နှင့်ရှန်နွန်၏ ကြားတွင် ဝင်ရောက် ကာကွယ်နေခဲ့သည်။ ထို့နောက် ရှန်နွန်သည် စတက်ဖနီနှင့် သူမ၏ အရွယ်မရောက် သေးသော သားကွန်နောတို့ နှစ်ဦးအား ကြိုးဖြင့်တုပ်ကာ ကလေးငယ်အား ယူ ဆောင်ချိန်တွင် စတက်ဖနီ၏ တောင်း ပန်မှုကြောင့် ၎င်း၏လည်ပင်းနှင့် နောက် ကျောတို့တွင် ဒဏ်ရာအနည်းငယ် ရစေပြီး ခြိမ်းခြောက်ကာ ထွက်ပြေးလွတ်မြောက် သွားခဲ့သည်။

ထောင်ဒဏ်နှစ်၃၀ချမှတ်

နောက်ပိုင်းတွင် ရဲတပ်ဖွဲ့က လိုက်လံ ရှာဖွေရာတွင် ရှန်နွန်က ကလေးငယ်၏ပါး ရှိ မှဲ့ပေါ်တွင် မိတ်ကပ်လိမ်းကာ မမှတ်မိ စေရန် ပုံဖျက်ထားပြီး ကလေးငယ်အား သားသမီးအရင်းသဖွယ် ကျွေးမွေးပြုစု ထိန်းသိမ်းထားသည်ကို တွေ့ရှိခဲ့ရသည်။ ယင်းပြစ်မှုကို ကျူးလွန်ခဲ့သော ရှန်နွန် အား ယခုနှစ် စက်တင်ဘာ ၁၂ရက်က တရားရုံးမှ ထောင်ဒဏ်နှစ် ၃၀ချမှတ် ခဲ့သည်။

ယခုဖြစ်ရပ်တွင် သားသမီးဇောဖြင့် စိတ်နောက်ကိုယ်ပါပြုမူပြီး ခံစားချက်ကို ဖြေဖျောက်ခဲ့သည့်အတွက် ထောင်ဒဏ် ကျခံခဲ့ရသော ရှန်နွန်တောရက်ဇ်၏ သင်ခန်းစာယူဖွယ်အဖြစ်ကို ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

သမီးဇောဖြင့် ရူးမတတ်ခံစားနေရသော ရှန်နွန်သည် ၂၀၀၆ခုနှစ် စက်တင်ဘာ၁၅ရက်က သူမ၏သမီးအား ထွေးပိုက်ပြုစုခွင့် မရလိုက် သည့်အတွက် ယင်းနေရာတွင် အစားထိုးရန် မိုက်မိုက်မဲမဲ ကြံစည်ခဲ့ မိတော့သည်။ ထို့ကြောင့် သူမနေထိုင်ရာအရပ်မှ မိုင်အနည်းငယ် ဝေးသောအရပ်သို့ ကားမောင်းထွက်လာရင်း အိမ်တစ်အိမ်တွင် မွေးကင်းစ ကလေးငယ်အား နို့ချိုတိုက်ကျွေးနေသော မိခင်တစ်ဦး အား မြင်တွေ့လိုက်ရခြင်းက သူ၏အကြံအစည်ကို အထမြောက်သွား။

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်းပြည်နယ်၏ မြို့တော် ဖူကျိုးမြို့လယ်တွင် ဖွင့်လှစ်ထားသော ကုန်ပဒေသာတိုက်တစ်ခုတွင် ဈေးဝယ်သူများ စည်ကားလျက်ရှိ သည်ကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ခင်ဗျားမသိပါဘူး

အသက် ၇၀အရွယ် အမျိုးသားကြီးတစ်ဦးက သူ၏ အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး မိတ်ဆွေဖြစ်သူအား ပြောပြလေသည်။

အမျိုးသားကြီး ။ ။ အိမ်ထောင်ရေးက အဆင်မပြေပါဘူးဗျာ။
မိတ်ဆွေ ။ ။ ဘာတွေဖြစ်နေလို့လဲ။
အမျိုးသားကြီး ။ ။ ကျွန်တော့်မိန်းမကို ကွာရှင်းလိုက်တော့မယ်လို့ စိတ်ကူးထား တယ်။
မိတ်ဆွေ ။ ။ ဒီလိုတော့မလုပ်ပါနဲ့…ဒီလောက်နှစ်တွေ အကြာကြီး လက်တွဲပေါင်းသင်းလာခဲ့ပြီးမှ ဖြစ်ရတယ်လို့။
အမျိုးသားကြီး ။ ။ ခင်ဗျား မသိပါဘူးဗျာ။
မိတ်ဆွေ ။ ။ မဟုတ်တာ… ကျွန်တော်ကတော့ တားရမှာပဲ။ ဒါထက်… ဘာဖြစ်လို့ကွာရှင်းချင်ရတာလဲ။
အမျိုးသားကြီး ။ ။ မသေခင်လေးမှာ စိတ်ချမ်းသာဖူးတဲ့ အချိန်ကိုရချင်လို့ပါ။
မိတ်ဆွေ ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုံ့ဆော်ရေးစာတမ်း

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၂၃-၉-၂၀၀၈ မှ ၂၉-၉-၂၀၀၈)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆ လမှ ၅ နှစ်အောက် ကလေးများအား အင်အားပြည့် ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသူအမျိုးသမီးတိုင်း သံဓာတ်အားဆေးမှီဝဲပါ။

အသက် ၆ လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

အသက် ၂ နှစ်မှ ၅ နှစ်အောက်ကလေးများနှင့်

မူလတန်းအရွယ်ကလေးများအား ၆ လ တစ်ကြိမ် သန်ချဆေးတိုက်ပါ။

ကိုယ်ဝန် ၃ လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။

ကိုယ်ဝန်နောက်ဆုံးလမှမွေးဖွားပြီး ၃ လအထိ ဗီတာမင်ဘီဝမ်းဆေးပြားတိုက်ကျွေးပါ။

အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ခရမ်းမြို့နယ် ကျီနီချောင်တိုက်နယ်ဆေးရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ကျီနီချောင်ကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ မတည်လှူဒါန်း စီစဉ်ဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုတို့ဖြင့် ဆောက်လုပ်ပြီးစီးသည့် ခရမ်းမြို့နယ် ကျီနီချောင်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျီနီချောင်ကျေးရွာရှိ အဆိုပါ တိုက်နယ်ဆေးရုံသစ်မျက်နှာစာ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ခရမ်းမြို့နယ်တာဝန်ခံ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က တိုက်နယ်ဆေးရုံဖွင့်ပွဲမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က တိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများက အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ဆေးရုံအစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားပြီး ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းကဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများကတိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ဆေးရုံသစ်မှကျေးရွာ၃၃ရွာရှိဒေသခံပြည်သူများအတွက်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ထောက်ပံ့

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိ၍ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

ထားကာ ကွင်းလယ်ကစားကွက်ကို စိုးမိုးကစားရန် ကြိုးစားခဲ့သည်။ မန်ယူက တိုက်စစ်တွင် ဘာဘာတော့ဗ်နှင့် ရွှန်နေတို့အတွဲကို တင်ထားပြီး ပတ်ဂျီဆန်၊ ဖလက်ချာ၊ ပေါလ်စခိုးနှင့် ဟားဂရိဗ်တို့ လေးဦးဖြင့် တိုက်စစ်ကို ပံ့ပိုးကစားစေခဲ့သည်။

ထိုးဖောက်ကစား

ချယ်လ်ဆီးနည်းပြစကိုလာရီသည် ၄-၅-၁ အခင်းအကျင်းဖြင့် ပွဲထွက်လာသလို ဖာဂူဆန်ကလည်း၄-၄-၂ ဖျူဟာဖြင့် ရင်ဆိုင်ကစားခဲ့သည်။ ချယ်လ်ဆီးတို့ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကာ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မန်ယူဘက်သို့ ထိုးဖောက်ကစားနိုင်ခဲ့သည်။

အရာမထင်

သို့သော် ပွဲအစငါးမိနစ်၌ ရွှန်နေ ချပေးလိုက်သည့် ဘောလုံးကို ချယ်လ်ဆီး ဂိုးဧရိယာအတွင်းမှ ဖလက်ချာ ညာခြေဖြင့် ကန်သွင်းရာ လွဲချော်သွားခဲ့သဖြင့် မန်ယူတို့ဂိုးရရှိရေးနစ်နာခဲ့သည်။ ထို့အတူ ပွဲချိန် ခုနစ်မိနစ်၌ လမ်းပတ် အလွတ်တည်ကန်ဘောလည်း အရာမထင်ခဲ့ပေ။

အစားထိုးကစား

ပွဲချိန်၁၈မိနစ်၌ မန်ယူတိုက်စစ်ဆင်ပြီး ချယ်လ်ဆီးဂိုးဧရိယာအတွင်းမှ ပတ်ဂျီဆန်က ညာခြေဖြင့် အပိုင်ကန်သွင်းယူလိုက်ရာမှ အဖွင့်ဂိုးစတင်ရရှိသွားသည်။ အဖွင့်ဂိုး စောစီးစွာရရှိသွားသဖြင့် မန်ယူတို့ ကစားအား တက်လာပြီး ဆက်တိုက် ထိုးဖောက်ကစားသော်လည်း ချယ်လ်ဆီးခံစစ်မှူးများကြောင့် အပိုင်ကန်သွင်းခွင့် မရရှိခဲ့ချေ။ ပွဲချိန်၃၃မိနစ်၌ မန်ယူဂိုးသမား ဗန်ဒါဆား ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် အရန်ဂိုးသမား ကူဇက်ခ်နှင့် အစားထိုးကစားစေခဲ့သည်။

ဦးဆောင်

ချယ်လ်ဆီးတို့က ချေပဂိုးရရှိရေး ထိုးဖောက်ကစားရာ ၄၁ မိနစ်၌ လမ်းပတ် ချပေးလိုက်သည့် ဘောလုံးကို ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာက မန်ယူဂိုးဧရိယာ အတွင်းမှ ညာခြေဖြင့် အပိုင် ကန်သွင်းချက် လွဲချော်ခဲ့သဖြင့် ချေပဂိုးရရှိရေးနစ်နာခဲ့ရသည်။ ပထမပိုင်း ပွဲချိန်ပြီးသည်အထိ မန်ယူတို့ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

နစ်နာ

ချယ်လ်ဆီးတို့က ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး ကြိုးစားသည့်အနေဖြင့် ၄၆မိနစ်၌ မာလူဒါအစား ဒရော့ဘာဝင်ကစားခဲ့သည်။၄၈ မိနစ်၌ အနယ်လ်ကာက ဂိုးရှေ့ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဂျိုကိုးလ် ခေါင်းတိုက်သွင်းသော်လည်း လွဲချော်ခဲ့သဖြင့် ချယ်လ်ဆီးတို့ နစ်နာခဲ့သည်။

ဘေးထွက်

၅၅မိနစ်၌မန်ယူက ပေါလ်စခိုးလ်အစား စီရိုနယ်ဒိုကို ထည့်သွင်းကစားကာ တိုက်စစ်အရှိန် မြှင့်တင်ခဲ့သည်။၅၇မိနစ်တွင် ရွှန်နေ ဂိုးရှေ့ဖြတ်ပေးလိုက်သည့်ဘောလုံးကို စီရိုနယ်ဒို၏ ဘယ်ခြေဖြင့် ကန်သွင်းချက်မှာလည်း ဘေးထွက်သွားခဲ့သည်။

ကန်သွင်းခွင့်ရ

ချယ်လ်ဆီးတို့က ၇၄ မိနစ်၌ ဘောလက်အစား ကာလူးကိုထည့်သွင်းကစားခဲ့သလို မန်ယူကလည်း ပတ်ဂျီဆန်အစား အိုရှီးယားကို ထည့်သွင်းကစားခဲ့သည်။ ချယ်လ်ဆီးတို့က ကွင်းလယ် ကစားကွက်ကို စီးမိအောင် ကြိုးစားကစားခဲ့ရာ မန်ယူဘက်သို့ ဂိုးသွင်းခွင့် ၁၉ကြိမ်ရရှိခဲ့ပြီး ခြောက်ကြိမ် အပိုင်ကန်သွင်းခွင့်ရခဲ့သည်။

ပလူပျံ

ချယ်လ်ဆီးတို့ ချေပဂိုးရရှိရေး အတွက်ကစားအားတင်ခဲ့ရာမှ မိနစ်၈၀ အရောက်တွင်အလွတ်တည်ကန်ဘောမှတစ်ဆင့် မီခေးလ်ဂိုးရှေ့တင်ပေးလိုက်သည့်ဘောလုံးကို မန်ယူဂိုးဧရိယာအတွင်းမှ ကာလူးက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ချေပဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲတွင် ပေါလ်စခိုးလ်၊ ဖာဒီနန်၊ နဗီးလ်၊ ဘာဘာတော့ဗ်၊စီရိုနယ်ဒိုတို့အဝါကတ် အထိခံရသလို ချယ်လ်ဆီးကစားသမားများလည်း အဝါကတ်ထိခဲ့သည်။

ယခုပွဲ တစ်ဂိုးစီ သရေကျခဲ့သဖြင့် ချယ်လ်ဆီးတို့အိမ်ကွင်း ရှုံးပွဲမရှိစံချိန်ကို မန်ယူတို့ မချိုးဖျက်နိုင်ခဲ့သလို ချယ်လ်ဆီးတို့လည်းအိမ်ကွင်း၌သုံးမှတ် အပြည့်မရနိုင်ခဲ့ဘဲ တစ်မှတ်စီခွဲယူကာ ပွဲသိမ်းခဲ့ရခြင်း ဖြစ်သည်။ ။

ဂိုးသွင်းယူ

ဝက်စ်ဘရွန်းနှင့် အက်စ်တွန်ဗီလာတို့ ပွဲတွင် ဗီလာတိုက်စစ်မှူး အဘွန်လာဟော(ဝဲ)ဤသို့ ဂိုးသွင်းယူခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၅)ရလဒ်

ဝက်စ်ဘရွန်း ၁-၂ ဗီလာ

ဟူးလ်စီးတီး ၂-၂ အဲဗာတန်

မန်စီးတီး ၆-၀ ပို့စ်မောက်

စပါး ၀-၀ ဝီဂန်

ကိုးကား-အင်တာနက်

ပရီမီယာလိဂ်ပွဲစဉ်(၅)အပြီး

ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	အာဆင်နယ်	၅	၄	၀	၁	၁၂
၂။	ချယ်လ်ဆီး	၅	၃	၂	၀	၁၁
၃။	လီဗာပူး	၅	၃	၂	၀	၁၁
၄။	ဗီလာ	၅	၃	၁	၁	၁၀
၅။	မန်စီးတီး	၅	၃	၀	၂	၉
၆။	ဝက်စ်ဟမ်း	၅	၃	၀	၂	၉
၇။	ဟူးလ်စီးတီး	၅	၂	၂	၁	၈
၈။	ဆန်းဒါးလန်း	၅	၂	၁	၂	၇
၉။	အဲဗာတန်	၅	၂	၁	၂	၇
၁၀။	ဘလက်ဘန်း	၅	၂	၁	၂	၇
၁၁။	ဖူလ်ဟမ်	၄	၂	၀	၂	၆
၁၂။	မစ်ဒယ်ဘရော့	၅	၂	၀	၃	၆
၁၃။	ပို့စ်မောက်	၅	၂	၀	၃	၆
၁၄။	ဝီဂန်	၅	၁	၂	၂	၅
၁၅။	မန်ယူ	၄	၁	၂	၁	၅
၁၆။	ဘော်လ်တန်	၅	၁	၁	၃	၄
၁၇။	ဝက်စ်ဘရွန်း	၅	၁	၁	၃	၄
၁၈။	စတုတ်စီးတီး	၅	၁	၁	၃	၄
၁၉။	နယူးကာဆယ်	၅	၁	၁	၃	၄
၂၀။	စပါး	၅	၀	၂	၃	၂

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အောင်ပွဲရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းဂုဏ်ပြု

နေပြည်တော် စက်တင်ဘာ ၂၁

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အောင်ပွဲရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၉ရက် ည ၇နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းမှ တာဝန်ရှိသူများက ရရှိခဲ့သော ပထမဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်း၊ အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုဖလားတို့ကို ဝန်ကြီးထံ အပ်နှံကြရာ ဝန်ကြီးက အောင်ပွဲရ ဘောလုံးအသင်းအတွက် ဆုကြေးငွေကျပ် ၁၀သိန်းကို ပြန်လည်ပေးအပ်ချီးမြှင့်ပြီး နည်းပြ နှစ်ဦးအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းနှင့် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဘောလုံးအသင်းအုပ်ချုပ်သူ ညွှန်ကြားရေးမှူး ဦးသက်လွင်က ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရရှိခဲ့သည့် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက ပြိုင်ပွဲ၌ ရရှိခဲ့သော ဆုများကို အပ်နှံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ပါရမီTaxi လုပ်ငန်းမှ ရန်ကုန်မြို့၌ ပြေးဆွဲမည့် သဘာဝဓာတ်ငွေ့သုံးပါရမီ Meter Taxi များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီခွဲက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်တာဝန်ရှိသူများသည် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ပါရမီ Taxi လုပ်ငန်းမှ ရန်ကုန်မြို့၌ ပြေးဆွဲမည့် သဘာဝဓာတ်ငွေ့သုံးပါရမီ Meter Taxi များကို ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဗဟန်း အထက(၃)တွင် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၁၀နာရီက ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းအုပ်ဆရာကြီး ဦးလှတင်နှင့်မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာကြီးဦးလှတင်က အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ဟောပြော

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်က ရည်မှန်းချက်ရှိရမယ်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူများ ရာသီမရွေးသွားလာနိုင်ရေး လှိုင်သာယာမြို့နယ် မန္တလေးလမ်း ကျောက်ချောကတ္တရာခင်းရန် ကျောက်စီခြင်းလုပ်ငန်း ကြံ့ခိုင်ရေးအသင်းဝင်များ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအနီး အရှေ့မြင်းပြိုင်ကွင်းလမ်း၌ လမ်းအဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က စက်အား၊ လူအားတို့ဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်သည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ မန္တလေးလမ်းအား လမ်းအဆင့်မြှင့်ရေးနှင့် ပြည်သူများ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးတို့အတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကျောက်ချောကတ္တရာလမ်းခင်းရန် ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသပိုမိုဖွံ့ဖြိုးရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကျောက်တံခါး၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်း

ကျောက်တံခါး စက်တင်ဘာ ၂၁

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် အထကဝင်းအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၃၀ရက်က ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ

ရွှေတောင် စက်တင်ဘာ ၂၁

ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၅ရက် နံနက်၉နာရီက မြို့နယ်အသင်းရုံးရွှေသီဟခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးထွန်းထွန်းဦးက နှစ်ပတ်လည် အစီရင်ခံစာ ၂၀၀၈ အား ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ မြို့နယ်အလုပ်အမှုဆောင်ဦးမြင့်စိုးက ကျေးရွာစာကြည့်တိုက်များအတွက် ရွှေနိုင်ငံနှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်၊ မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်းတို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးလှမျိုးအောင်သို့လည်းကောင်း၊ အခြေခံကွန်ပျူတာ သင်တန်း အမှတ်စဉ်(၁)မှ(၄)အထိ သင်တန်းဆင်း လက်မှတ်များကို ပြည်ခရိုင် အတွင်းရေးမှူး ဦးကျော်ကျော်လင်းက သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။

ဂုဏ်ပြုလက်မှတ်ပေး

ထို့နောက်၂၀၀၇-၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မဖြိုးပြည့်မွန်နှင့်လေးဘာသာဂုဏ်ထူးရှင် မအိအိအောင်တို့အား မြို့နယ်အတွင်းရေးမှူး ဦးသိန်းဇော်**(ယာပုံ)**နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိဦးထွန်းဇော်မိုးတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ၊ အလှူရှင်ငွေရတနာပန်း အထည်တိုက်ပိုင်ရှင်ဦးအောင်ကြည်သုမေ္မာသီဂီ သီဟသုမေ္မာသီဂီ သီရိသုမေ္မာသီဂီ ဒေါ်ရင်ကြွေမိသားစုနှင့် ပြည်တန်းလမ်းနေ ဦးကြည်ဦး-ဒေါ်ကြည်စိန် မိသားစုက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်အသင်းအတွင်းရေးမှူးက မုန်တိုင်းသင့်ဒေသသို့ သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြသော အသင်းဝင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

✳ *ကျောဖုံးမှ*

အာရှရုပ်ရှင် အနုပညာရှင်တွေဟာ ကမ္ဘာ့ပရိသတ်တွေရဲ့ အားပေးမှုကို တစ်ခဲနက်ရရှိထားကြတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ရုပ်ရှင်အနုပညာလောကမှာ အောင်မြင်ကျော်ကြားနေတဲ့ အာရှမှ နာမည်ကျော် ရုပ်ရှင်အနုပညာရှင်တွေရဲ့ လက်ရှိလှုပ်ရှားနေမှုတွေကို ဖော်ပြရရင်…

တောင်ကိုရီးယားအဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ရိန်း

ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင်နဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ရိန်းဟာ လာမယ့်အောက်တိုဘာလမှာ သူ့ရဲ့အထူးတေးသီချင်း အယ်လ်ဘမ်တစ်ခုကို ထုတ်ဝေဖြန့်ချိတော့မှာ ဖြစ်ပါတယ်။ ဒီလိုတေးသီချင်း အယ်လ်ဘမ် ဖြန့်ချိတော့မယ့်အကြောင်းကို အခုစက်တင်ဘာလဆန်းက ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ရိန်းဟာ မကြာခင်မှာရိုက်ကူးတော့မယ့် ရုပ်မြင်သံကြားဇာတ်လမ်းတွေအတွက် အမ်ဘီစီကုမ္ပဏီနဲ့ စက်တင်ဘာ၁၈ရက်မှာ စာချုပ်လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပါတယ်။ အမ်ဘီစီနဲ့ ရိန်းရဲ့ဂျေဝှန်းအေဂျင်စီတို့ ပူးပေါင်းပြီး အချိန်တစ်နာရီကြာ ရုပ်မြင်သံကြားမေးမြန်းခန်းအစီအစဉ်တစ်ခုလည်း လာမယ့် သီတင်းပတ်မှာ ရိုက်ကူးထုတ်လွှင့်မှာ ဖြစ်ပါတယ်။

လာမယ့်အောက်တိုဘာမှာ စတင်ဖြန့်ချိတော့မယ့် ရိန်းရဲ့ အထူးတေးသီချင်း အယ်လ်ဘမ်သစ်ဟာ အာရှရဲ့ ကေပေါ့ပ်လူငယ်ဈေးကွက်ကို အဓိကဦးတည်ထားတယ်လို့ ဆိုပါတယ်။ ဒီတေးသီချင်း အယ်လ်ဘမ်ထဲမှာ တချို့သီချင်းတွေက အင်္ဂလိပ်လိုဖြစ်ပြီး ရိန်းကိုယ်တိုင်ရေးဖွဲ့ထားတဲ့ သီချင်းတွေဖြစ်ပါတယ်။

တရုတ်အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် လီဘန်းဘန်း

(၂၉)ကြိမ်မြောက် “ဖူလ်ဘလိုဆမ်” ရုပ်ရှင်ထူး ချွန်ဆုချီး မြှင့် ပွဲ မှာ အ ကောင်း ဆုံး အမျိုးသမီး သရုပ်ဆောင်ဆု ရရှိခဲ့တဲ့ တရုတ် အမျိုးသမီး သ ရုပ် ဆောင် မင်း သ မီး ချော လီဘန်းဘန်း။

တရုတ်နိုင်ငံရဲ့ နာမည်ကျော်ကြားတဲ့ အမျိုးသမီးသရုပ်ဆောင်တွေမှာ လီဘန်းဘန်းလည်းပါဝင်ပါတယ်။ လီဘန်းဘန်းဟာ နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ (၂၉)ကြိမ်မြောက် ဖူလ်ဘလော့စ်ဆမ်ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲမှာ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့ပါတယ်။ အဲဒီရုပ်ရှင်ဆုချီးမြှင့်ပွဲကို တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်တဲ့ တာ့လျံမြို့မှာ စက်တင်ဘာ ၁၅ရက်က ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ဆုချီးမြှင့်ပွဲမှာ “The Assembly” ရုပ်ရှင်ဇာတ်ကားက အကောင်းဆုံးဇာတ်ကားဆု ရရှိခဲ့ပါတယ်။ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုရရှိခဲ့တဲ့ လီဘန်းဘန်းကတော့ “The Knot” ရုပ်ရှင်ဇာတ်ကား မှာ ပါဝင်သရုပ်ဆောင်ပြီး ဆုရရှိခဲ့ခြင်းဖြစ်ပါတယ်။ လီဘန်းဘန်းဟာ တရုတ်နိုင်ငံမှာ ပြည်တွင်းရုပ်ရှင် ထုတ်လုပ်ရေးကုမ္ပဏီသုံးခုနဲ့စာချုပ်ပြီး ရုပ်ရှင်ရိုက်ကူးမှုတွေ ပြုလုပ်နေတဲ့အပြင် တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင်တွေနဲ့အတူ တရုတ်နိုင်ငံရဲ့ သမိုင်းရာဇဝင်ဇာတ်ကားတစ်ကား ရိုက်ကူးဖို့လည်း စီစဉ်နေပါတယ်။

အိန္ဒိယရုပ်ရှင်သရုပ်ဆောင် အမိတာဘချမ်း

အမိတာ ဘချမ်း

“ကျွန်တော် အသက် အရွယ် ရလာပေမယ့် ကျွန် တော့် အနုပညာ ဟာ နုပျိုဆဲပါ”
(အိန္ဒိယ နိုင်ငံရဲ့ ကမ္ဘာကျော်ရုပ်ရှင် သ ရုပ် ဆောင် မင်းသားကြီး အမိ တာ ဘချမ်း)

အိန္ဒိယနိုင်ငံရဲ့ ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်တစ်ဦးကတော့ အမိတာဘချမ်းပဲ ဖြစ်တယ်။ ကမ္ဘာ့ရုပ်ရှင်ပရိသတ်တွေရဲ့ အားပေးမှုကို အခုအချိန်အထိ ရယူနိုင်စွမ်းရှိတဲ့ အမိတာဘချမ်းဟာ “The Last Lear” ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနေပါတယ်။ “ကျွန်တော် အသက်အရွယ် ရလာပေမယ့် ကျွန်တော့်အနုပညာဟာ နုပျိုဆဲပါ။ အခုလက်ခံရိုက်ကူးနေတဲ့ ရုပ်ရှင်ဇာတ်ကားတိုင်းမှာလည်း အကောင်းဆုံး သရုပ်ဆောင်မှုတွေနဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာချည်းပါပဲ” လို့ အဲဒီ “The Last Lear” ရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီးတွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ အခုလိုပြောကြားခဲ့ခြင်းဖြစ်ပါတယ်။

အမိတာဘချမ်းအနေနဲ့ အခုဆိုရင် လက်ခံရိုက်ကူးနေတဲ့ ရုပ်ရှင်ကားပေါင်း၂၀ခန့်ရှိပြီး အသစ်လက်ခံထားတဲ့ ရုပ်ရှင်ဇာတ်ကားကလည်း ၁၀ကားလောက်ရှိနေပါတယ်လို့ ဆိုပါတယ်။ အမိတာဘချမ်းဟာ ပြင်ပရုပ်ရှင်ရိုက်ကူးဖို့ ကမ်းလှမ်းလာရင် လက်ခံရိုက်ကူးပေးသလို ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီကလည်း ရုပ်ရှင်ဇာတ်ကားတွေ လက်ခံရိုက်ကူးနေတာမို့ အသက်၆၀ကျော်လာပြီ ဖြစ်ပေမယ့် ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိနေဆဲဖြစ်တဲ့ စူပါစတားသရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။

အမ်ရီတာရိုး

အိန္ဒိယ ဘောလီးဝုဒ်မှာ တစ်ဟုန်ထိုး နာမည် ကျော် ကြား လာ သော တက်သစ်စ မင်းသမီးချောလေး “အမ်ရီတာရိုး” ဟာ သီချင်းတွေ လည်းဆိုပါတယ်။

အိန္ဒိယတက်သစ်စအမျိုးသမီးသရုပ်ဆောင် အမ်ရီတာရိုး

အိန္ဒိယဘောလီးဝုဒ်မှာ တစ်ရှိန်ထိုးနာမည်ကျော်ကြားလာတဲ့ တက်သစ်စအမျိုးသမီး သရုပ်ဆောင်တစ်ဦးကတော့ အမ်ရီတာရိုးပဲ ဖြစ်ပါတယ်။ မဂ္ဂဇင်းမျက်နှာဖုံးရှင်ကနေပြီး ရုပ်ရှင်သရုပ်ဆောင်အဖြစ် ကူးပြောင်းလာသူဖြစ်ပါတယ်။ သူမပါဝင်သရုပ်ဆောင်ထားတဲ့ Welcome To Sajjanpur ရုပ်ရှင်ဇာတ်ကားက ပရိသတ်တွေ နှစ်သက်လက်ခံကြတယ်လို့ ဆိုပါတယ်။ သူမဟာ သရုပ်ဆောင်အပြင် တေးသီချင်းလည်း သီဆိုသူဖြစ်တာမို့ မကြာခင်မှာ သူမရဲ့တေးစီးရီး ထွက်ရှိဖို့ ရှိနေပါတယ်။ မကြာမီရက်ကလည်း Short Cut အမည်ရှိ ရုပ်ရှင်ဇာတ်လမ်းတိုတစ်ခု၌ ဆန်ဂျေးဒတ်၊ အနေးလ်ကာပူးရာတို့နှင့်အတူ အမ်ရီတာရိုး ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

တောင်ကိုရီးယားအမျိုးသမီးသရုပ်ဆောင် ဆူအီး(ဂျောင်ဝါ)

အာရှပရိသတ်တွေရဲ့အားပေးမှုကို အပြည့်အဝရရှိထားပြီး ရုပ်ရှင်ဇာတ်ကား မပြတ်တမ်း ရိုက်ကူးနေရတဲ့ အမျိုးသမီး သရုပ်ဆောင် တစ်ဦးကတော့ ဆူအီး(ပင်လယ်ပျော်မင်းသားဇာတ်ကားမှ ဂျောင်ဝါမိန်းကလေး)ပဲဖြစ်ပါတယ်။ ၁၉၈၀ပြည့်နှစ် ဇူလိုင်၂၅ရက်မှာ မွေးဖွားသူမို့ အခုဆိုရင် ၂၈နှစ်ပြည့်ပြီဖြစ်ပါတယ်။

ဂျောင်ဝါရဲ့ “My Love is Far Away” ရုပ်ရှင်ကားကို တောင်ကိုရီးယားမှာ ပြသနေပြီ ဖြစ်ပါတယ်။ ဒါရိုက်တာ လီဂျန်အိခ် ရိုက်ကူးပေးထားတဲ့ဇာတ်ကားဖြစ်ပြီး တောင်ကိုရီးယားမှာတော့ ပရိသတ်အများအပြား ကြည့်ရှုအားပေးလျက် ရှိပါတယ်။ တောင်ကိုရီးယားမှာ တစ်နေ့ကို ပရိသတ် သန်းနဲ့ချီအားပေးကြတယ်လို့ ပြောပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာ စစ်အတွင်းက ပျောက်ဆုံးသွားတဲ့ ခင်ပွန်းဖြစ်သူကို ရှာဖွေဖို့ ဗီယက်နမ်ကို သွားရောက်ခဲ့တဲ့ အမျိုးသမီးတစ်ဦးရဲ့ ဇာတ်လမ်းပါပဲ။ ဆူအီး (ဂျောင်ဝါ)ရဲ့ ပရိသတ်တွေကလည်း ကမ္ဘာကျော် မင်းသမီးဖြစ်ဖို့ ဝိုင်းဝန်းအားပေးနေပါတယ်။ ဂျောင်ဝါအနေနဲ့ အခု စက်တင်ဘာလကုန်မှာ ဂျပန်နိုင်ငံကို သွားရောက်ဖို့ စီစဉ်ထားပါတယ်။ ဒါကလည်း ပရိသတ်တွေရဲ့ တောင်းဆိုမှုကြောင့် ဖြစ်လာရတဲ့ခရီးပါပဲ။

တရုတ်အမျိုးသားရုပ်ရှင်သရုပ်ဆောင် ဂျက်လီ

ဂျက်လီရဲ့ပရိသတ်ကတော့ ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ရှိနေတယ်လို့ဆိုပါတယ်။ ဂျက်လီကို အာရှသာမက ဥရောပနဲ့ တောင်အမေရိကနိုင်ငံတွေမှ ပရိသတ်တွေလည်း နှစ်ခြိုက်အားပေးကြပါတယ်၊ ဂျက်လီအနေနဲ့ လာမယ့်အောက်တိုဘာလဆန်းမှာ ဟောလီးဝုဒ်သွားပြီး ရုပ်ရှင်ဇာတ်ကားရိုက်ကူးဖို့ ရှိနေပါတယ်။

မကြာမီရက်ပိုင်းကကျင်းပသွားတဲ့ ဖူလ်ဘလိုဆမ်ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲမှာ ဂျက်လီပါဝင်သရုပ်ဆောင်ထားတဲ့ “The Assembly” ရုပ်ရှင်ဟာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ချီးမြှင့်ခံရပါတယ်။ ဂျက်လီအနေနဲ့ အခုလောလောဆယ်မှာတော့ သူကိုယ်တိုင်ထူထောင်ထားတဲ့ ဝမ်းဖောင်ဒေးရှင်းက အမေရိကန်ဒေါ်လာ ၁၄ဒသမ၆သန်းကို စီချွမ်ပြည်နယ်မှာရှိတဲ့ ငလျင်ဒဏ်ခံခဲ့တဲ့ ဒေသခံတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ဖို့ လှူဒါန်းပါလိမ့်မယ်။ ဂျက်လီကတော့ တရုတ်နိုင်ငံမှာ ရုပ်ရှင်ရိုက်ကူးဖို့အတွက် ၂၀၀၈ခုနှစ်ကုန်တဲ့အထိ ရက်ပြည့်နေပြီလို့ ဆိုပါတယ်။ ။

(ကိုးကား-အင်တာနက် သတင်းအချက်အလက်များ)

ဂျက်လီ

အာရှမှာသာ မက ဥရောပနဲ့ တောင်အမေရိက နိုင်ငံ တွေ က ပရိသတ် တွေပါ နှစ်ခြိုက် အားပေး ခံရတဲ့ တရုတ် အမျိုးသား သရုပ်ဆောင် ဂျက်လီ။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၀၈ ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို စက်တင်ဘာ ၂၄ရက်မှ အောက်တိုဘာ ၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန် (မော်လမြိုင်)၌လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌လည်းကောင်း၊ (ဂ) အုပ်စု နမခဇုန် (မုံရွာ)၌လည်းကောင်း၊ (ဃ) အုပ်စု လပခဇုန် (မန္တလေး)၌လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ)၌လည်းကောင်း အသီးသီး ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ကျင်းပမည်

အဆိုပါပြိုင်ပွဲတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ရက်မှ ၂၄ရက်အထိ ရပခဇုန်(တောင်ကြီး)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ခေတ်မီစာအုပ်ဆိုင်ဖြစ်ရေးအတွက် အခင်းအကျင်းမှအစ ကျယ်ပြန့်သောအမြင်ဖြင့် ပြင်ဆင်ဆောင်ရွက်ရေး၊ ပြင်ပ စာအုပ်တိုက်များမှ ထုတ်ဝေသော စာအုပ် အမျိုးအစားများ စုံလင်စွာ ဆိုင်တင်ရောင်းချနိုင်ရေး၊ ဆိုင်ဝန်ထမ်းများ ဆက်ဆံရေး ကောင်းမွန်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်လုပ်ငန်းလုံခြုံရေးအတွက် ဂရုပြု ကြိုတင်ကာကွယ်ရေး၊ဝါရင့်စာပေပညာရှင်များရေးသားသည့် အရည်အသွေးနှင့် အနှစ်သာရရှိသည့်စာအုပ်များ ဆိုင်တင်ရောင်းချနိုင်ရေး၊စာပေဝါသနာရှင်များ၏အကြံပြုချက်များရယူ၍ ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ရေးနှင့် ပိုမို တိုးတက်အောင်မြင်သော စာအုပ်ဆိုင်အဖြစ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် အဆင့်မြှင့်တင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စာပေဗိမာန်အဆောက်အအုံဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုထွေးက စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို (e-Library) ခေတ်မီစာကြည့်တိုက်အဖြစ် အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စာပေဗိမာန်စာအုပ်ဆိုင်ကို ပြင်ပပုဂ္ဂလိက စာအုပ်ဆိုင်များကဲ့သို့ အသွင်သဏ္ဌာန်နှင့် အရည်အသွေးတိုးတက်ပြောင်းလဲနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စာပေဗိမာန် စာတည်းဌာနဆိုင်ရာ ကိစ္စရပ်များ၊ အပတ်စဉ်ထုတ်ရွှေသွေးစာစောင်၊ လစဉ်ထုတ် သုတပဒေသာစာစောင်၊နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်နှင့် ပြည်သူ့လက်စွဲစာအုပ်များ ထုတ်ဝေမှုအခြေအနေနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထွေထွေ မန်နေဂျာ ဦးရဲတင့်၊ ကျွမ်းကျင်သူဦးမျိုးသန့်(မောင်ဆုရှင်)နှင့် စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေတို့က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် နှစ်စဉ်ထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် စာအုပ်များတွင် အားနည်းချက် မရှိစေဘဲ ပြည့်စုံကောင်းမွန်သော စာအုပ်များဖြစ်အောင် ကြိုးပမ်းပြုစုရန်၊ နှစ်အလိုက်ထုတ်ဝေပြီးခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် စာအုပ်များမှ ဘာသာရပ်အကြောင်းအရာများအလိုက် ပြန်လည်စုစည်း၍ စာအုပ်ထုတ်ဝေရေးအတွက် အဖွဲ့ဖွဲ့စည်းကာ စနစ်တကျဆက်လက်စီမံဆောင်ရွက်ရန်၊ ယခင် ထုတ်ဝေပြီးခဲ့သော စာကောင်းပေမွန်များ အနက် ပြန်လည်ထုတ်ဝေသင့်သည် စာအုပ်များကို Reprint ရိုက်နှိပ်ထုတ်ဝေနိုင်ရန်အတွက် စိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ ပုံနှိပ်နိုင်ရေးဆက်လက်ဆောင်ရွက်ရန်၊ စာပေဆုရစာမူများအား နှစ်ချင်းပြီး ရိုက်နှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ရန်၊စာတည်းဝန်ထမ်းများ၊ စာပေဝါသနာရှင်များအတွက် လစဉ် စာပေပညာပေးဟောပြောပွဲများ ပြုလုပ်မှုမှတ်တမ်းများ စနစ်တကျထားရှိပြီးနောင် လေ့လာလိုသူများ လေ့လာနိုင်ရေး ဆောင်ရွက်ထားရန်၊ စာကြည့်တိုက်သို့ လာရောက် လေ့လာသော စာပေဝါသနာရှင်များအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်လုပ်ငန်းလုံခြုံရေးအတွက် ဝန်ထမ်းများနှင့်အတူ စာကြည့်တိုက်သို့ လာရောက်ကြသည့် ပြည်သူများကပါ လုံခြုံရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်၊ စာပေဗိမာန်စာအုပ်ဆိုင်သည် နိုင်ငံတော်ပိုင် ဖြစ်သော်လည်း ပုဂ္ဂလိက အရောင်းဆိုင်များကဲ့သို့ ခင်းကျင်းမှုနှင့် ဝန်ထမ်းများ၏ ဆက်ဆံရေး၊ လုပ်ငန်းဆောင်ရွက်မှုစနစ်တို့ကို ပြောင်းလဲလုပ်ဆောင်ရန်၊ ထိုသို့ လုပ်ဆောင်ရာတွင် ငွေကြေးနှင့် ပတ်သက်သည့် အားနည်းချက်များ မရှိစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်စာပေဗိမာန်အဆောက်အအုံ ပထမထပ်ရှိ ရည်ညွှန်းစာပေဌာနစိတ်နှင့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ရှိ e-Library အတွင်း ကွန်ပျူတာဖြင့် စာအုပ် စာရင်းရေးသွင်းနေမှု၊ စာအုပ်စာစောင်များ စနစ်တကျ စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

စိုက်ပါ စားပါ
အရသာ
မတူမြတ်ပီတိ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်စက်ရုံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ဆေး၊ လိုအပ်သည်များမှာကြား

ရန်ကုန် စက်တင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ နံနက်၁၁နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံ အစည်းအဝေးခန်းမသို့ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ လုံခြုံရေးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးတင်အောင်ဆွေတို့က ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နေ့စဉ် ထုတ်လွှင့်နေမှုများနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေး၊ မီးဘေးလုံခြုံရေးနှင့် အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
တော်သလင်းလပြည့်ကျော် ၈ရက်
(ဥပုသ်နေ့)
၂၂-၉-၂၀၀၈ ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ လေးဆူဓာတ်ဆံ ရွှေစာရံ
- ၇း၅၀ ၅။ အကပဒေသာ
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၀ ၇။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား)**
- ၈း၃၀ ၈။ International of Dhamma
- ၈း၄၅ ၁၀။ ဘဒ္ဒန္တမာနိတသီရိဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သူဌေးတန်းကျောင်း မဟာဝိသုဒ္ဓါရုံတိုက် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄း၃၅ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်း အခြေခံပညာကျောင်းများ ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၁၊ စမ်းချောင်း၊ စမ်းမာလာဝတ်ရွတ်အဖွဲ့)
- ၅း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ **မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
- ၅း၄၅ ၁၀။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) ဝါသနာရှင်(ဒုတိယတန်းအဆင့်) (အမျိုးသမီး)**
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၅၅ ၁၄။ **ကျန်းမာသန့်ထွား ဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ခင်ဇော်-ကုမုဒြာ)
- ၇း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁၀)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၁၀)
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း မိုးစပါးစိုက်ခင်းကွက် ကြည့်ရှုစစ်ဆေး ပဲခူးတိုင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တက်ရောက်ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၁

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက ရွှေကျင်တပ်နယ် မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်ရှိ စစ်သည်မိသားစုများအားတွေ့ဆုံရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်စိုးနှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ညောင်လေးပင်မြို့နယ် ရှမ်းရွာအုပ်စု ကွင်းအမှတ်(၂၂၁)ရှိ တောင်သူဦးမောင်ဝင်း၏ ဆင်းသွယ်လတ် မျိုးစပါးစိုက်ပျိုးထားသော လယ်မြေကိုးဧကတွင် ယူရီးယားနှင့် အားဖြည့်မြေဩဇာရောစပ်၍ လယ်သမားများက စုပေါင်းကြဲပက်နေမှုနှင့် စုပေါင်းတမန်းနှိုး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

မှာကြား

ထို့နောက် ရှင်းလင်းဆောင်ဦး တိုင်းမှူးအား ပဲခူးတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းက စစ်တောင်းမြစ်ရေနှင့် ကွင်းရေလျှံတက်မှုကြောင့် ရေလွှမ်းမှုခံရသော အခြေအနေနှင့် ရေလွှမ်းမှု ခံရသော မိုးစပါးများ ပျက်စီးမှုမရှိဘဲ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ပြိုင်ပွဲအလိုက်

စက်တင်ဘာ၁၃ရက်တွင် တိုင်းမှူးသည် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်ပြီး ပြိုင်ပွဲ အမျိုးအစားအလိုက် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူအသီးသီးက ဆုများပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးသည် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသော ပဲခူးတိုင်း ၂၀၀၈ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ ပဲခူးခရိုင် ကြက်ခြေနီ ကော်မတီကြီးကြပ်မှု ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်စိန်က ကြက်ခြေနီ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာအစောင် ၅၀၀အား ပေးအပ်ရာ ပဲခူးတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ပဲခူးတိုင်း စာရင်းရုံး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းက လက်ခံယူသည်။

ချီးမြှင့်

ထို့နောက် တိုင်းအဆင့် ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲ (အမျိုးသား) ပြိုင်ပွဲ တစ်ဦးချင်းစွမ်းရည်ဆု၊ နှစ်ယောက်တွဲဆု၊ လေးယောက်တွဲဆုရရှိကြသူများအား တိုင်းမှူးက ဆုများ ပေးအပ်ချီးမြှင့်သည်။

အလှူငွေ

ထို့နောက် ပဲခူးတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီသို့ လူနာတင်ယာဉ်ပြင်ဆင်ရန်အတွက် စေတနာရှင်အသီးသီးက အလှူငွေများ ပေးအပ်ရာ ပဲခူးတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင် တိုင်းမီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးလှမြင့်က အလှူငွေများ လက်ခံရယူ၍ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားကောင်း

ရန်ကုန် စက်တင်ဘာ ၂၁

စက်တင်ဘာ၂၀ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို ဆန်းစစ်ကြည့်ပါက ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးဒုက္ခများ ကြုံတွေ့ရခြင်း၊ ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် ဟာဂူပစ်မုန်တိုင်းရွေ့လျားလျက်ရှိခြင်း၊ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အနောက်ဘက်၌ မြေပြိုမှုဖြစ်ပွားခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၁ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဆန်းစစ်ကြည့်ပါက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၂၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(ရေဆင်း)	**၀ဒသမ**	**၁၆လက်မ**
နေပြည်တော်(သပြေကုန်း)	**၀ဒသမ**	**၁၆လက်မ**
ကျိုက္ကမီ	**၃ဒသမ**	**၉၀လက်မ**
တောင်ကုတ်	**၃ဒသမ**	**၈၂လက်မ**
ရေး	**၃ဒသမ**	**၇၄လက်မ**
မုဒုံ	**၃ဒသမ**	**၅၈လက်မ**
မြစ်ကြီးနား	**၃ဒသမ**	**၃၀လက်မ**

စက်တင်ဘာ ၂၂ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်း ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

စက်တင်ဘာ၂၂ရက်**(ယနေ့)**တွင် နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မုတ်သုံလေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀ မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ဗဟန်းမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၁

ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြို့နယ်ရဲတပ်ဖွဲ့မှ မူခင်းကင်းမဲ့ ရက်သတ္တပတ်နှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၀ရက် နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြော

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦး **(အပေါ်ပုံ)**၊ ခရိုင်ဒုတိယတရားသူကြီး ဦးကျော်ဆွေ၊ ခရိုင်ဥပဒေအရာရှိ ဦးမြသန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိန်ထွန်းတို့က မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောကြသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးက ကျွန်းသာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(၁၃၅)**

■ *ရှေ့ဖုံးမှ*

စက်ရုံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ စက်ရုံမှ ထုတ်လုပ်ထားသော ကျားစီး၊ မစီး၊ ကုန်တင်စက်ဘီး၊ လျှပ်စစ်စက်ဘီးတို့ကို ကြည့်ရှုစစ်ဆေးပြီး အပ်ချုပ်စက်ရုံ (ကျောက်ဆည်)၌ စက်ရုံမှ ထုတ်လုပ်သော အဓိက စက်အစိတ်အပိုင်း၊ ဆက်စပ်ပစ္စည်းများနှင့် ဘိလပ်မြေစက်ရုံမှ အပ်နှံသော Steel Ball များ၊ ပုံလောင်း၊ ပုံထောင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက သွင်းအားစုကုန်ကြမ်းများ၊ လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြမ်းဖက်အဖျက်သမား အန္တရာယ် ပြည်သူ့အားနဲ့ ဝိုင်းဝန်းပူးပေါင်းကာကွယ် (၁)

ရက်စက်ယုတ်မာလိုက်ကြပုံများ ပြောတောင် မပြောချင်တော့ပါဘူး။

အားလုံးလည်း သိကြပြီးဖြစ်မှာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာ၁၁ရက်နေ့ ညက ကျောက်ကြီးမှာ မိုင်းကွဲမှု သတင်းလေ။ KNU ဆိုတာ သမိုင်းနဲ့ချီပြီး ရက်စက်ကြမ်းကြုတ်မှုအပေါင်း သရဖူဆောင်းခဲ့သူတွေမှန်း သိခဲ့ပေမယ့် ထိခိုက်ခံစားခဲ့ရတဲ့ အပြစ်မဲ့ပြည်သူတွေဘက်က ကိုယ်ချင်းစာ တွေးကြည့်လိုက်တော့ ဘယ်လိုမှ ဖြေနိုင်စရာ မရှိပါဘူး။

ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၈)မှာ ပြည်သူတွေအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူအကြမ်းဖက်မှုတွေဖြစ်ပွားအောင် ဆန့်ကျင်ဘက် အဖွဲ့တွေအနေနဲ့ ဖောက်ခွဲဖျက်ဆီးရေး အစီအမံတွေ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖျက်ဆီးဖို့ ကြိုးပမ်းနေကြပုံ အလုံးစုံကို အထောက်အထား အစုံအလင်နဲ့ ရှင်းပြသွားပါတယ်။ ဒီကတည်းက အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်တဲ့ ပုဆိန်ရိုးတွေကို စက်ဆုပ်ရွံရှာမှုကြီးစွာနဲ့ ဒင်းတို့ကို အမြစ်ပြတ်အောင် ဖော်ထုတ်ရှင်းလင်း ချေမှုန်းပစ်ဖို့လိုပြီလို့ ပြည်သူတစ်ယောက်အနေနဲ့ တွေးမိ မြင်မိ ခဲ့ပါသေးတယ်။ သက်ဆိုင်ရာကလည်း ပြည်သူနဲ့ပူးပေါင်းပြီး ဒင်းတို့ရဲ့ ယုတ်မာတဲ့အကြံအစည်တွေကို အချိန်မီဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်တာတွေလည်း ရှိခဲ့ပါတယ်။ ဒီကြားထဲကပဲ KNU အပါအဝင် အကြမ်းဖက်သမားတွေကလည်း အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးမှုလုပ်ငန်း တစ်ခုပြီးရင် ရလာမယ့် ဆုကြေးတွေ မက်မောပြီး အဆင်အခြင်မဲ့စွာ ဇွတ်တိုးလုပ်နေကြတာတွေကို တွေ့မြင်ရပြန်ပါတယ်။

အခု ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်က ဗီဒီယိုရုံမှာ မိုင်းကွဲခဲ့တဲ့ ဖြစ်စဉ်ကိုပဲ ပြန်ကြည့်ပါဦး။ ညဂ္ဂနာရီသာသာလောက်က ကုန်စုံဆိုင်တစ်ဆိုင်မှာ လက်လုပ် ချိန်ကိုက်မိုင်းတစ်လုံးတွေ့လို့ သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားနိုင်ခဲ့တယ်။ အဲဒီလို ရှင်းလင်းဆောင်ရွက်နေတုန်းမှာပဲ ညစနာရီ ကျော်ကျော်မှာ ဗီဒီယိုရုံထဲ မိုင်းနှစ်လုံး ၁၀မိနစ်ခြားပြီး ဆက်တိုက် ပေါက်ကွဲခဲ့တာဖြစ်ပါတယ်။ အဲဒီပေါက်ကွဲမှုကြောင့် မောင်စောဘိုနေထွန်းဆိုတဲ့ အသက်(၁၃)နှစ်အရွယ် ကရင်ကျောင်းသားလေးတစ်ဦးနဲ့ မပန်းနုခိုင်ဆိုတဲ့ အသက်(၂၀) အရွယ် ဗမာအမျိုးသမီးကလေးတစ်ဦးတို့ သေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် ဗမာနဲ့ကရင် တိုင်းရင်းသားကိုးဦး ဒဏ်ရာတွေ ရရှိခဲ့ကြပါတယ်။ ဒီလို ထိခိုက်သေဆုံး ဒဏ်ရာရတဲ့ ကရင်ရော၊ ဗမာရော တိုင်းရင်းသားတွေဟာ ဘာအပြစ်မှမရှိတဲ့ အပြစ်မဲ့ပြည်သူတွေပါ။ တည်ဆဲ အစိုးရအပေါ် အငြိုးအတေးထားပြီး ဗုံးခွဲတယ်၊ မိုင်းခွဲတယ်ဆိုပေမယ့် တကယ် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရတာက လုံးဝအပြစ်ကင်းတဲ့ ပြည်သူထဲက ပြည်သူတွေပါပဲ။ အရွယ်မရောက်သေးတဲ့ ကျောင်းသားအရွယ် လူမမည်တွေလည်း ပါပါတယ်။ မောင်စောဘိုနေထွန်းဆိုရင် ကျောင်းသားကလေး ဖြစ်ပြီး သေဆုံးချိန်မှာ ကျောင်းစိမ်းလုံချည်ကလေးနဲ့ သွေးသံရဲရဲ မရှုမလှ သေဆုံးခဲ့ရတာပါ။ သတင်းစာမှာပါတဲ့ ဓာတ်ပုံလေးကိုကြည့်ပြီး ကျွန်တော်တို့တောင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ကြရရင် သက်ဆိုင်တဲ့ မိဘမောင်ဖား၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်း၊ ဆရာ ဆရာမတွေဆိုရင် ဘယ်လောက်များ ထိခိုက်ကြေကွဲခံစားရလိမ့်မလဲလို့ တွေးတောင် မတွေးချင်တော့ပါဘူး။

ဒီလို **အပြစ်မဲ့ပြည်သူတွေအပေါ် ထိခိုက်နစ်နာပျက်စီးစေတဲ့၊ ပြည်သူလူထုအတွင်း ဘဝလုံခြုံမှုနဲ့ လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးစေတဲ့ အကြမ်းဖက်သမားတွေကို ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ မုန်းတီးနေကြတာ အမှန်ပါပဲ။** ဒါကြောင့် ပြည်သူတွေရဲ့ ကူညီသတင်းပေးမှုနဲ့ အဲဒီမိုင်းထောင်ဖောက်ခွဲမှုရဲ့ တရားခံ KNU စောယာကို(ခေါ်)စောရန်ကုန်ကို နောက်တစ်နေ့ ညနေမှာပဲ သူ့ရဲ့ နေအိမ်ကနေ ဖမ်းဆီးရမိခဲ့ပါတယ်။ စောယာကို(ခေါ်)စောရန်ကုန်ဟာ ကျောက်ကြီးမြို့နယ် ငှက်ပျောတောကျေးရွာမှာ နေထိုင်ပြီး ၁၉၇၆ခုနှစ်က KNU ရင်း(၂၀) အုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောနားနဲ့ ဆက်သွယ်ပြီး နွားမှောင်ခိုလုပ်ငန်းတွေလုပ်ခဲ့တဲ့ KNU တစ်ယောက်ဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ဩဂုတ်လမှာ KNU ရိက္ခာတာဝန်ခံအဖြစ် ဆောင်ရွက်ပြီး KNU ရင်း(၈)ကို ရိက္ခာဆန်များ စုဆောင်းပေးပို့နေသူလည်း ဖြစ်ပါတယ်။ ယခု ဖောက်ခွဲမှုကိုတော့ KNU ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးအဖွဲ့မှ ဖဒိုစောနားက စောယာကိုကို ငွေကျပ်တစ်သိန်းပေးပြီး ဖောက်ခွဲဖို့ စေခိုင်းခဲ့ခြင်း ဖြစ်ပါတယ်။ စောယာကိုကလည်း KNU ပီပီ ဆုကြေးရမယ့်ငွေကျပ်တစ်သိန်းကိုမက်ပြီး အဆင်အခြင်မဲ့စွာ သွေးအေးအေးနဲ့ ဖောက်ခွဲမှုကို လုပ်ဆောင်ခဲ့ပုံရပါတယ်။ တကယ်တော့ KNU တစ်ယောက်အတွက် ဖောက်ခွဲဖျက်ဆီးတယ်ဆိုတာ ထမင်းစားရေသောက် အလုပ်တစ်ခုလိုပါပဲ။ ဒါတောင် ကုန်စုံဆိုင် ဝါးတောင်းအတွင်း ထားခဲ့တဲ့ ချိန်ကိုက်မိုင်းကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့လို့ အပြစ်မဲ့ပြည်သူတွေ ထိခိုက် သေကျေပျက်စီးမှု သက်သာခဲ့ရတာပါ။

ဒါ့အပြင် ပြည်တွင်းပြည်ပ အဖျက်သမားတွေဟာ နိုင်ငံအတွင်း လူစည်ကားတဲ့ နေရာတွေမှာ ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ရန် စီမံဆောင်ရွက်နေကြောင်း၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကိုလည်း ပြည်တွင်းသို့ စေလွှတ်ထားကြောင်း၊ KNU၊ ABSDF နှင့် စွမ်းအားမြင့်ကျောင်းသား စစ်သည်တော်များအဖွဲ့ (VBSW) သုံးဖွဲ့တို့ ပူးပေါင်းစီစဉ်ပြီး ဖောက်ခွဲဖျက်ဆီးရေးသမားငါးဦးကို စက်တင်ဘာ၁၀ရက်နေ့က ပြည်တွင်းသို့ ထပ်မံစေလွှတ်လိုက်ကြောင်း၊ **အဲဒီအကြမ်းဖက် ဖောက်ခွဲရေးသမားများနဲ့ ဖောက်ခွဲရေးပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာက အသေးစိတ်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အချိန်မီဖော်ထုတ် ဖမ်းဆီးနိုင်မှုမရှိရင်တော့ ဒီလိုပဲ အပြစ်မဲ့ပြည်သူတွေ သေကျေပျက်စီးရတဲ့ အနိဋ္ဌာရုံ သတင်းတွေ ကြားရဦးမှာပါပဲ။ မိုက်တဲ့သူက တွင်းတူးမိုက်နေလေတော့ ကျွန်တော်တို့ ပြည်သူတွေအပိုင်းကလည်း သူတို့ကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိရင် တာဝန်ရှိသူတွေထံ အချိန်မီ သတင်းပေးပို့ပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။**

သတင်းစာမှာပါတဲ့ KNU စောယာကို(ခေါ်)စောရန်ကုန်ရဲ့ ဓာတ်ပုံကို ကြည့်ရင်း KNU တွေဟာ ဘာကြောင့်များ ဒီလောက်အထိ ရက်စက်ကြမ်းကြုတ် မိုက်မဲကြရတာလဲလို့ တွေးမိပါတယ်။ စေ့စေ့တွေးတော့ ရေးရေးပေါ်ရုံတင်မကဘဲ KNU ရဲ့ မူလဗီဇကတည်းက မကောင်းခဲ့တဲ့ သရုပ်သဏ္ဌာန်အဖြစ်မှန်တွေ ပေါ်လာပါတယ်။ ဒါကြောင့်လည်း အများပြည်သူသိအောင် KNU အကြောင်း တစေ့တစောင်းပြန်ပြောင်း ဖောက်သည်ချချင်ပါသေးတယ်။

KNU ဆိုတာ ဒုက္ခသည်စခန်းဗန်းပြပြီး ဒေသခံကိုယ့်အမျိုးသား တိုင်းရင်းသားများကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ အမျိုးဖျက် သစ္စာဖောက်များသာ ဖြစ်ပါတယ်။ လူပြောများနေတဲ့ Internal Displaced Person(IDP)ပြဿနာ၊ Refugee ပြဿနာတွေရဲ့ ပင်မဇာစ်မြစ် တရားခံစစ်စစ်လည်း ဖြစ်ပါတယ်။ လူသတ်၊ လုယက်၊မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုများ ဆက်တိုက်ကျူးလွန်ရင်း အနောက်မျှော်ဝါဒနဲ့ ပြည်ပအားကိုးပြီး အမျိုးသားရေးကို သစ္စာဖောက်နေသူများသာ ဖြစ်ပါတယ်။ **KNU ရဲ့ မဟုတ်သောအကြံ၊ မမှန်သောအကျင့်၊ မသင့်သောအယူ၊ မဖြူသောနှလုံးကို ရေလည်အောင်ပြောရမယ်ဆိုရင် ဒီနေ့ KNU ဆိုတာ ပြည်ပဆရာကြီးတွေ ကြိုးဆွဲရာကရတဲ့ ဒေါ်လာစားကြေးစား ရုပ်သေးရုပ်စစ်စစ် ဖြစ်နေပါပြီ။ လက်ကျန် လက်တစ်ဆုပ်စာ အင်အားလေးနဲ့ ကရင်တိုင်းရင်းသားတွေ အပါအဝင် ပြည်သူလူထုအပေါ် အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးမှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊**

လူသစ်

လူကုန်ကူးမှုနဲ့ ကလေးသူငယ်တွေကို အဓမ္မလူသစ်စုဆောင်းမှု ကုန်ကုန်ပြောရရင် မသမာတဲ့ အဓမ္မမှုမှန်သမျှ လိုင်စင်ဆွဲထားသလို တရစပ် ကျူးလွန်နေတဲ့ သောင်းကျန်းသူတွေသာ ဖြစ်ပါတယ်။

တကယ်တော့ KNU ဆိုတာ နယ်ချဲ့တို့ရဲ့ သွေးခွဲအုပ်ချုပ်ရေးစနစ်နဲ့ ကရင်လူမျိုးတွေအပေါ် ထူးထူးခြားခြား အခွင့်အရေးပေးခဲ့တဲ့ စနစ်တွေကို အခြေခံပြီး ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်နဲ့ စစ်ဘုရင်ဝါဒ ပေါင်းစပ်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ပြည်တွင်းဆူပူသောင်းကျန်းမှု ပြဿနာပါပဲ။ နယ်ချဲ့တွေဟာ ရိုးသားပြီး သစ္စာရှိတဲ့ ကရင်လူမျိုးတွေကို သူတို့ကို လိုလားထောက်ခံတဲ့ လူမျိုးတစ်မျိုး ဖြစ်လာအောင် အစွမ်းကုန် စည်းရုံးပုံသွင်းခဲ့ကြတယ်။ ကရင်တွေကို လက်နက်တပ်ဆင်ပြီး ကရင် သေနတ်ကိုင်တပ်တွေ၊ စစ်ရဲတပ်တွေ တိုးချဲ့ ဖွဲ့စည်းပေးခဲ့ကြပါတယ်။

၁၉၄၆ခုနှစ် ဖေဖော်ဝါရီလထဲမှာ ရန်ကုန်မြို့မှာပဲ ကရင်အမျိုးသား ညီလာခံကို ကျင်းပပြီး ကရင်ပြည်နယ်ရရှိရေး ရည်မှန်းချက်နဲ့ ကရင်ဗဟိုအဖွဲ့ချုပ် Karen Central Organization-KCO ကို ဖွဲ့စည်းခဲ့တယ်။ KCO ဟာ ဘယ်လောက်အထိ မိုက်လုံးကြီးခဲ့သလဲဆိုရင် ကရင်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ရွေးပြီး ၁၉၄၆အတွင်းမှာ လန်ဒန်အထိသွား၊ ကရင်နယ် သီးခြားဖွဲ့စည်းပြီး ဗြိတိသျှ အင်ပါယာအတွင်းမှာထားပေးဖို့ အတိအလင်း တောင်းဆိုခဲ့ကြဖူးတယ်။ ဒါပေမယ့် အဲဒီတုန်းက ဗြိတိသျှနန်းရင်းဝန် အက်တလီက ရေရာတဲ့ အဖြေ မပေးခဲ့ပါဘူး။

တိုတိုပြောရရင် ၁၉၄၇မှာ KCO ဟာ အောင်ဆန်း-အက်တလီစာချုပ်ကို လုံးဝလက်မခံဘဲ ပယ်ချခဲ့တဲ့အပြင် နောက်တိုးကရင်အဖွဲ့ငယ်တွေနဲ့ ပူးပေါင်းပြီး Karen National Union (KNU)ကို ဧပြီ ၆ရက်နေ့မှာ ဖွဲ့စည်းခဲ့ကြပါတယ်။ အဲဒီနောက် ၁၀ရက်အကြာမှာ KNU ရဲ့ စစ်လက်နက်ကိုင် တပ်ဖွဲ့အဖြစ် KNDO ကို ဆက်ပြီးဖွဲ့ခဲ့ပါတယ်။ KNUဟာ ၁၉၄၇ခုနှစ် ဧပြီလ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ပြီးနောက် ဧပြီ၂၃ရက်နေ့မှာ KNU အရေးပေါ် ညီလာခံကျင်းပတော့ စောဘဦးကြီး KNU ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ အဲဒီ အချိန်တစ်ဝိုက်ကစပြီး KNU ရဲ့ ဆူပူသောင်းကျန်းမှု အဖျက်အမှောင့်လုပ်ရပ်တွေ စခဲ့တယ်လို့ ဆိုရမှာပါပဲ။

တကယ်တော့ KNU ဆူပူသောင်းကျန်းမှုရဲ့ အဓိက လက်သည်တရားခံဟာ နယ်ချဲ့ပါပဲ။ နယ်ချဲ့ဟာ ကရင်ကို ဗမာဆန့်ကျင်ရေး နိုင်ငံရေးအမြင် ပျိုးထောင်ပေးရုံသာမက စစ်ရေးအရပါ အင်အားကြီးလာအောင် လုပ်ပေးခဲ့လေတော့ လွတ်လပ်ရေး မရခင်ကတည်းက ကရင်လက်နက်ကိုင် အင်အားစုဟာ အရမ်းအင်အားကြီးမားခဲ့ပါတယ်။ ဒါ့အပြင် KNDO ပါ ထပ်တိုးလာတော့ KNUဟာ လူမျိုးရေးမာန်တက်လာပြီး အောက်မြန်မာနိုင်ငံ တစ်ဝန်းလုံးနီးပါးကို ကရင်ပြည်နယ်ပေးရမယ်လို့ တောင်းဆိုလာတော့တာပေါ့။ ဒါကြောင့် နယ်ချဲ့အစိုးရရဲ့ တိုက်ရိုက်တစ်ဖုံ၊ သွယ်ဝိုက်တစ်နည်း သွေးထိုးမြှောက်ပင့်ပေးမှုတွေဟာ KNU သောင်းကျန်းမှုရဲ့ နံပါတ်တစ်တရားခံလို့ ဆိုနိုင်ပါတယ်။

တကယ်တော့ KNU ရဲ့ ဇာစ်မြစ်၊ ဗီဇနဲ့ ဝါဒရေးလမ်းစဉ်က စကတည်းက မကောင်းခဲ့တာလည်း ပါပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့ တစ်တိုင်းတစ်ပြည်လုံး ပျော်မဆုံး မော်မဆုံး ဖြစ်နေတဲ့အချိန်မှာ KNU က တစ်စခန်းထပြီး နောက်နေ့ ဇန်နဝါရီ၅ရက်နေ့မှာပဲ ကရင်များဟာ လွတ်လပ်သောလူမျိုးတစ်မျိုးဖြစ်ကြောင်း ကြေညာပြီး ခွဲထွက်ဖို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ၁၉၄၇ခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့အညီ ကရင်ပြည်နယ်ကို ကရင်ပြည်နယ် အစိုးရ၊ ကရင်ပြည်နယ်ကောင်စီတို့နဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးထားပြီးဖြစ်ပေမယ့် သီးခြားကရင်ပြည်နယ် ဖွဲ့စည်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ မဖြစ်နိုင်တဲ့ တောင်းဆိုမှုတွေ နောက်မှာတော့KNUဟာ အစိတ်လိုက် အပိုင်းလိုက် ခွဲခွဲပြီး ၁၉၄၈မှာ စပြီးတောခို သောင်းကျန်းကြတော့တာပါပဲ။

KNUက ၁၉၄၈မှာ စပြီးတောခိုခဲ့တာဆိုပေမယ့် တရားဝင် အတိအလင်း ပုန်ကန်တာကတော့ ၁၉၄၉ နှစ်စပိုင်းကျမှပါ။ ဒါပေမယ့် ၁၉၄၈ခုနှစ်ကတည်းက ကရင်စစ်ရဲတပ်တွေနဲ့ KNDO တွေက ပုန်ကန်ထကြွနေကြပါပြီ။ ၁၉၄၉ခုနှစ်လည်း ဆန်းရော KNU က အတိအလင်း ပုန်ကန်ပြီး ထန်းတပင်၊ တောင်ငူ၊ ဖြူး၊ အုတ်တွင်း၊ နောက်မှတ်မိသလောက် အင်းစိန်၊ ဒိုက်ဦး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မေမြို့အထိ ဆက်သိမ်းတာပါပဲ။ အစပိုင်းမှာ စစ်ရေးအသာစီးရခဲ့ပေမယ့် ၁၉၄၉ခုနှစ်ကုန်ပိုင်းကစပြီး တပ်မတော်ရဲ့ ထိုးစစ်ကြောင့် အရေးနိမ့်ပြီး တစ်ဆုတ်တည်း ဆုတ်ပေးခဲ့ကြရပါတယ်။ စောဘဦးကြီးလည်း ၁၉၅၀ ဩဂုတ်လထဲ သံတောင်ကနေ ကော့ကရိတ်ဘက်ကိုအပြေး ထော့ကိုကိုးမှာ ကျသွားခဲ့ရပါတယ်။

သူတို့ရဲ့လမ်းစဉ်ကိုက လူမျိုးရေးမုန်းတီးမှုနဲ့ စစ်ရေးဝါဒသက်သက်ကို အခြေခံခဲ့တာကြောင့် KNU ဟာ တဖြည်းဖြည်း ကျဆင်းလာခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့အပြင် KNU တွေဟာ အနောက်နိုင်ငံတွေက စစ်ကူရမလားလို့ အကြီးအကျယ် မျှော်ခဲ့ကြသေးတယ်။ နောက်ဆုံး ဘာမှဖြစ်မလာတဲ့အခါ လက်ဝဲယိမ်း ဒုတိယလမ်းစဉ်ချမှတ်ပြီး ဗကပရဲ့ နောက်မြီးဆွဲ လက်အောက်ခံပါတီဘဝ ကျရောက်ခဲ့ရသေးတာပေါ့။

တကယ်တော့ KNU ဟာ ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားတွေကို ကိုယ်စားမပြုခဲ့ပါဘူး။ ကရင်တိုင်းရင်းသားတွေ အပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအပေါ် မြို့လုံးကျွတ်၊ ရွာလုံးကျွတ် မီးရှို့၊ သတ်ဖြတ်၊ လုယက်၊ မုဒိမ်းကျင့်၊ မိုင်းခွဲဖျက်ဆီးမှုတွေ အမြောက်အမြား ကျူးလွန်ခဲ့ကြတယ်။ ဒါကြောင့်လည်း KNU အပေါ် အော့နှလုံးနာစရာ သမိုင်းကြောင်းသာဓကတွေ ပြောမကုန်အောင် ရှိနေခဲ့တာပါ။

သတင်းစာမှတ်တမ်းတွေအရ ၁၉၄၈-၄၉ တစ်နှစ်တာ ကာလအတွင်းမှာ KNU ဟာ အကြမ်းဖက် သတ်ဖြတ်မှုပေါင်း အကြိမ်၁၁၀၊ ဓားပြတိုက်လုယက်မှု ၃၅ကြိမ်၊ ငွေတိုက်ဖောက်ထွင်းလုယက်မှု ၁၃ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ၄၉ခုနှစ်ထဲမှာပဲ မအူပင်မြို့နယ် မလက်တိုရွာကို ရွာလုံးကျွတ် မီးရှို့ပြီး ရွာသားအားလုံး သတ်ပစ်ခဲ့တဲ့အပြင် အင်းစိန်၊ ပဲနွယ်ကုန်း၊ နတ်တလင်းစတဲ့မြို့တွေမှာလည်း မြို့လုံးကျွတ် မီးရှို့ခဲ့ကြပါတယ်။ ပြင်ဦးလွင်(ယခင်မေမြို့)ကို သိမ်းပိုက်ထားစဉ်မှာပဲ မြို့နေပြည်သူ ၁၉၄၆ဦးကို အကြောင်းမဲ့ သတ်ဖြတ်ပစ်ခဲ့ကြတယ်။ ဖြူးမြို့ကို သိမ်းပိုက်ထားတဲ့ ကာလမှာလည်း မြို့လယ်မှာရှိတဲ့ ဈေးနဲ့တကွ နေအိမ်တွေကို မီးတင်ရှို့ပြီး ကလေးလူကြီး ကျားမ မရွေး ပစ်ခတ်သတ်ဖြတ်ခဲ့တာကြောင့် အိမ်ခြေ ၄၀၀လောက် မီးလောင်ပြာကျပြီး သေဆုံးသူ ၃၅၁လောင်း တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဖြူးမြို့သူမြို့သား ၂၀၀၀ကျော်ကို ဇေယျဝတီမြို့ဘက်ခေါ်သွားပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးကို ရက်ရက်စက်စက် လုပ်ခဲ့ကြတာတွေဟာလည်း ဘယ်လိုမှ ဖျောက်လို့မရတဲ့ သမိုင်းဝင် သွေးစွန်းမှုကြီးတွေပါပဲ။ ဒီမြို့လုံးကျွတ်၊ ရွာလုံးကျွတ် သတ်ဖြတ်မှုတွေကို ပြန်သုံးသပ်ကြည့်ရင် နာဇီတွေကျူးလွန်ခဲ့တဲ့ လူမျိုးတုံးသတ်ဖြတ်မှုကြီးနဲ့ နှင်လားငါလား ထူးမခြားနားဖြစ်နေတာကို ကြက်သီးထလောက်အောင် တွေ့ရမှာ ဖြစ်ပါတယ်။

၁၉၅၄ခုနှစ် နိုဝင်ဘာလ၁ရက်နေ့မှာတော့ KNUတွေဟာ စစ်တောင်း-မုတ္တမရထားကို စီးနင်းတိုက်ခိုက်ပြီး ကျောင်းပိတ်လို့ နေရပ်ကိုပြန်လာတဲ့ တက္ကသိုလ်ကျောင်းသူ ၄၀ကျော်နဲ့ အရပ်သူ မိန်းမပျို ၁၅ဦးကို အဓမ္မ ဖမ်းဆီးသွားခဲ့ကြပါတယ်။ အဲဒီမိန်းကလေးတွေနဲ့ မွန်ကျေးရွာတချို့က ဖမ်းလာတဲ့ မိန်းမပျိုလေးတွေကို KMT တရုတ်ဖြူ ဗိုလ်ချုပ်လောလီဆီကို ရောင်းစားပြီး လက်နက်ခဲယမ်းတွေနဲ့ လဲလှယ်ခဲ့ကြပါရောလား။ ဒါ့အပြင် ၁၉၅၅ဇန်နဝါရီလ ၁၅ရက်နေ့က မော်လမြိုင်-ရန်ကုန် လူစီးရထားကို နှင်းပုလဲဘူတာအလွန် မိုင် ၃၀နန့်မှာ KNU က မိုင်းခွဲ တိုက်ခိုက်လို့ ခရီးသည် ၃၅ဦး သေဆုံးခဲ့ရတယ်။ ရွှေငွေပစ္စည်းတွေကို လုယက်ယူငင်ပြီး မိန်းမပျို ၄၀လောက် ဖမ်းဆီးခေါ်ဆောင်၊ အစုလိုက် အပြုံလိုက် အဓမ္မပြုကျင့်ပြီး နောက်ဆုံးတော့ နယ်စပ်မှာ ရောင်းစားခဲ့ကြတယ်လို့ သိရတာပါပဲ။ အင်မတန်မှ ရက်စက်ယုတ်မာပြီး လူမဆန်တဲ့ လုပ်ရပ်တွေပါ။ ။ ***(ဆက်လက်ဖော်ပြပါမည်)***

အပြစ်မဲ့ ပြည်သူတွေအပေါ် ထိခိုက်နစ်နာ ပျက်စီးစေတဲ့၊ ပြည်သူလူထုအတွင်း ဘဝလုံခြုံမှုနဲ့ လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးစေတဲ့ အကြမ်းဖက်သမားတွေကို ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ မုန်းတီးနေကြတာ အမှန်ပါ။

22-9 (10).pmd 1 9/23/2008, 2:41 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ်၌ စောင့်ကြည့်ရမည့် ဘောလုံးသမားများ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ — ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

မက်ဒရစ် စက်တင်ဘာ ၂၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်အုပ်စု အဖွင့်ပွဲစဉ်တွေကို ကစားပြီးတဲ့နောက် ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ဘောလုံးသမားတွေအနက် စောင့်ကြည့်ရမယ့် ကစားသမားအချို့ကို ဖော်ပြရရင်····

ရာဖေးလ်ဗန်ဒါဗတ်

နယ်သာလန်အသင်းလက်ရွေးစင်နဲ့ ရီးရဲမက်ဒရစ်အသင်း ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ရာဖေးလ်ဗန်ဒါဗတ်ဟာ ၁၉၈၃ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်မှာ မွေးဖွားခဲ့သူမို့ အခုဆိုရင် အသက် ၂၅နှစ် ရှိတဲ့ ဘောလုံးသမားတစ်ဦးဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကနေပြီး ၂၀၀၄-၂၀၀၅ ဘောလုံးရာသီအထိ အေဂျက်၏ အသင်းမှာ ကစားခဲ့ပြီး ၂၀၀၅-၂၀၀၆မှာ ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ဟမ်းဘတ်ကို ရွှေ့ပြောင်းကစားခဲ့သူဖြစ်ပါတယ်။ ဟမ်းဘတ်အသင်းအတွက် အဲဒီနှစ်မှာ ၁၄ဂိုးသွင်းပေးခဲ့ပြီး ၂၀၀၆-၂၀၀၇မှာ ၁၁ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈မှာလည်း ၁၄ဂိုးသွင်းယူခဲ့တာမို့ အခု ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။ ဗန်ဒါဗတ်ဟာ ရီးရဲမက်ဒရစ်မှာ ဒီနှစ်အတွက် တစ်ပွဲသာ ကစားပေးထားပြီး တစ်ဂိုးတော့ သွင်းယူထားနိုင်ပါတယ်။ တိုက်စစ်မှူးတွေဆီ ဘောလုံးဖြန့်ပေးနိုင်သလို ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သူ ဖြစ်ပါတယ်။

အဂွီရို

အာဂျင်တီးနားနဲ့ အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး အဂွီရိုကလည်း ချန်ပီယံလိဂ်ပွဲစဉ်တစ်လျှောက်မှာ စောင့်ကြည့်ရမယ့် တိုက်စစ်မှူးတစ်ဦးပါပဲ။ အသက် ၂၀ပဲရှိသေးပြီး ၂၀၀၅-၂၀၀၆မှာ အာဂျင်တီးနားလိဂ်ရဲ့ အင်ဒီပင်းဒင့်အသင်းမှာ ၁၈ဂိုးသွင်းယူနိုင်ခဲ့လို့ နောက်နှစ်ဘောလုံးရာသီမှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ရအောင်ခေါ်ယူခဲ့တဲ့ လူငယ်တိုက်စစ်မှူး ဖြစ်ပါတယ်။ ၂၀၀၆-၂၀၀၇မှာအက်သလက်တီကို မက်ဒရစ်အတွက် စုစုပေါင်း ၁၂ဂိုးသွင်းပေးနိုင်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာတော့ စုစုပေါင်း ၂၂ဂိုးသွင်း ယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး တစ်ဦးပါပဲ။ ဒီနှစ် လာလီဂါ ဘောလုံးရာသီမှာတော့ အက်သလက်တီကို မက်ဒရစ်အတွက် နှစ်ပွဲကစားပြီး တစ်ဂိုး သွင်းယူထားနိုင်ပါတယ်။ စက်တင်ဘာ ၁၆ရက်က စတင်ကစားတဲ့ ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်အဖြစ် ပီအက်စ်ဗွီအသင်းနဲ့ ကစားတဲ့ပွဲမှာ ပထမပိုင်းပွဲချိန်အတွင်းမှာပဲ အဂွီရိုက နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့လို့ ချန်ပီယံလိဂ်မှာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ တိုက်စစ်မှူးအဖြစ် စောင့်ကြည့်ခြင်းခံရသူ ဖြစ်ပါတယ်။

ဘင်ဇီမာ

ပြင်သစ်နဲ့ လိုင်ယွန်အသင်းတိုက်စစ်မှူး ဘင်ဇီမာဟာ ၁၉၈၇ခုနှစ် ဒီဇင်ဘာ ၁၇ရက်မှာ မွေးဖွားသူမို့ အသက် ၂၁ကျော်ပဲရှိသေးတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ လိုင်ယွန်အသင်းကို ၂၀၀၄-၂၀၀၅ ဘောလုံးရာသီမှာ စတင်ရောက်ရှိကစားခဲ့ပြီး အဲဒီနှစ်မှာ လိုင်ယွန်အသင်းအတွက် ပွဲနည်းနည်းပဲ ကစားပေးရပေမယ့် လိုင်ယွန် အသင်းကို နိုင်ပွဲတွေရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် လိုင်ယွန်အသင်းဟာ ပြင်သစ်လိဂ်မှာ ဗိုလ်စွဲခဲ့ပြီး နောက်နှစ်တွေမှာလည်း ဆက်တိုက် ချန်ပီယံဖြစ်စေခဲ့ပါတယ်။ မနှစ်က ပြင်သစ်လိဂ်မှာလိုင်ယွန် အသင်းအတွက် ဘင်ဇီမာ ၂၀ဂိုးသွင်းယူ ပေးနိုင်ခဲ့ပြီး ပြင်သစ်လိဂ်ဖလားကို ရယူနိုင်အောင် စွမ်းပေးခဲ့ပါတယ်။ ဒီနှစ်မှာ လိုင်ယွန်အတွက် ပြင်သစ်လိဂ်မှာ လေးပွဲကစားပြီး ငါးဂိုးသွင်းယူထားတာမို့ ချန်ပီယံလိဂ်ပွဲစဉ်မှာလည်း ဘင်ဇီမာ ခြေစွမ်းပြဂိုးတွေ သွင်းပေးနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဒိုင်ဂို

ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ဝါဒါဘရီမင်မှာကစားနေတဲ့ အသက် ၂၃နှစ်ရှိ ကွင်းလယ်ကစားသမားဒိုင်ဂိုဟာ ချန်ပီယံလိဂ်မှာ နာမည်ကြီးလာမယ့် ဘောလုံးသမားတစ်ဦးလို့ ဆိုနေတယ်။ ဒိုင်ဂိုဟာ ၂၀၀၄-၂၀၀၅ဘောလုံးရာသီမှာ ပေါ်တိုအသင်းအတွက်ကစားပေးခဲ့ပြီး ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာတော့ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဝါဒါဘရီမင်ကို ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်ပါတယ်။ ရောက်စနှစ်မှာပဲ ဘွန်ဒက်စ်လီဂါမှာ ဝါဒါဘရီမင်အတွက် ၁၃ဂိုးသွင်းပေးနိုင်ခဲ့ပြီး အခု ၂၀၀၈-၂၀၀၉ဘောလုံးရာသီမှာ ဝါဒါဘရီမင်အတွက် သုံးပွဲကစားပြီး နှစ်ဂိုးသွင်းယူပေးထားပါတယ်။ အခု ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်မှာ ဂိုးမသွင်းနိုင်ပေမယ့် ခြေစွမ်းပြကစားနိုင်ခဲ့တာမို့ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ဂိုင်ရီဗင်ကို

ဂျူဗင်းတပ်စ်အသင်း တိုက်စစ်မှူး ဂိုင်ရီဗင်ကိုဟာ အီတလီမှာတော့ နာမည်ကြီးနေတဲ့ လူငယ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက်၂၁နှစ်ပဲ ရှိသေးပေမယ့် တိုက်စစ်အားသန်တဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပြီး အဆုံးသတ်ဂိုးသွင်းမှုလည်း သေသပ်တဲ့ ကစားသမားဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ စီးရီးအေကလပ် အမ်ပိုလီအသင်းမှာ ခြောက်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်လို့ ဒီနှစ် ဘောလုံးရာသီမှာ ဂျူဗင်းတပ်စ်အသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘောလုံးဖြန့်ဝေပေးမှု၊ ရှေ့နောက်လိုက်ပါ ကစားနိုင်မှုနဲ့ တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးနိုင်မှုတွေမှာ ထူးချွန်တဲ့အပြင် ကိုယ်တိုင်လည်း ဂိုးသွင်းသေချာသူမို့ ချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက်မှာ သတိထားစောင့်ကြည့်ရမယ့် ကစားသမားတစ်ဦးဖြစ်ပါတယ်။

မော်တင်ဟို

စပို့တင်းလစ္စဘွန်းမှာကစားနေတဲ့ ကွင်းလယ်ကစားသမား မော်တင်ဟိုဟာလည်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက် ၂၂နှစ်သာရှိသေးတဲ့ မော်တင်ဟိုဟာ စပို့တင်းလစ္စဘွန်းအတွက်ကတော့ တကယ့်ဖန်တီးရှင်တစ်ဦးပါပဲ။ ကွင်းလယ်ကစားကွက် ထိန်းချုပ်ကစားနိုင်ပြီး တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်အောင် အမိကပ့်ပိုးပေးနိုင်သူလည်းဖြစ်ပါတယ်။ မော်တင်ဟိုဟာ ဂိုးသွင်းမှု အားနည်းပေမယ့် အသင်းရဲ့ အောင်မြင်မှုကို စွမ်းဆောင်ပေးနိုင်တဲ့ ကွင်းလယ်ကစားသမားဖြစ်တာမို့ ချန်ပီယံလိဂ်မှာစောင့်ကြည့်ရမယ့် ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်သတင်းများ

စက်တင်ဘာ ၂၁ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၈တွင် ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင် စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့တော်စည်ပင်)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်အစ္စလမ္မာဘတ်မြို့တော် မာရီရော့တ်ဟိုတယ် ဗုံးခွဲတိုက်ခိုက်မှု သေဆုံးသူ ၅၃ဦးရှိပြီး ၂၅၀ကျော် ဒဏ်ရာရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၁

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလမ္မာဘတ်မြို့ ကြယ်ငါးပွင့်အဆင့်ရှိ မာရီရော့တ်ဟိုတယ်ကို စက်တင်ဘာ ၂၀ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၄၀ကျော် သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(မြန်မာ့အလင်း၊ စက်တင်ဘာ ၂၁ စာ-၈)**

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှု သတင်းနှင့် ပတ်သက်ပြီး ဆက်လက်သိရှိရသည်မှာ စက်တင်ဘာ ၂၁ရက်အထိ သေဆုံးသူဦးရေ ၅၃ဦးဖြစ်ကြောင်း၊ သေဆုံးသူများတွင် ပါကစ္စတန်နိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအပါအဝင် ဂျာမနီ၊ အမေရိကန်၊ ဗီယက်နမ်စသည့် ပြည်ပနိုင်ငံများမှ နိုင်ငံသားအချို့လည်း ပါဝင်ကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ စီစီတီဗွီလုံခြုံရေး ကင်မရာမှ ရိုက်ယူထားပုံကို ထုတ်လွှင့်ပြသခဲ့သည်။

ပြိုကျပျက်စီး

ထို့အပြင် ဒဏ်ရာရရှိသူများတွင်လည်း နိုင်ငံခြားသားများပါကြောင်း၊ ကားဗုံးခွဲတိုက်ခိုက်ခံရသည့် နေရာ၌ ပေ ၂၀ခန့်ကျယ်သော ချိုင့်ကျင်းကြီးဖြစ်ပေါ်ခဲ့ကြောင်း၊ ဟိုတယ်အဆောက်အအုံ အစိတ်အပိုင်းအများအပြား ပြိုကျပျက်စီးသွားခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

အကြမ်းဖက်သမားအုပ်စု

ယခုကဲ့သို့ အသေခံကားဗုံးခွဲတိုက်ခိုက်သူများမှာ ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသရှိ အယ်လ်ခိုင်ဒါနှင့် တာလီဘန်အကြမ်းဖက်သမားအုပ်စုများမှ အဖွဲ့ဝင်များဖြစ်နိုင်ကြောင်း ၎င်းတို့က ခန့်မှန်းပြောကြားသည်။

တရုတ်ကျောက်မီးသွေးတွင်းပေါက်ကွဲမှု လူ ၅၆ဦးသေဆုံးကြောင်း အတည်ပြု

ရှင်ကျို့ စက်တင်ဘာ ၂၁

တရုတ်ပြည်အလယ်ပိုင်း ဟီနန်ပြည်နယ်မှ ကျောက်မီးသွေးတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ် စက်တင်ဘာ ၂၁ရက် စောစောပိုင်းကဖြစ်ပွားရာ လူ ၅၆ဦး သေဆုံးကြောင်း အတည်ပြုနိုင်ပြီး ၁၀ဦးခန့် ပျောက်ဆုံးနေသည်ဟု ဆိုသည်။

ကယ်ဆယ်ရေးလုပ်ငန်း

အခင်းဖြစ်စဉ်က မြေအောက်တွင် လူပေါင်း ၁၀၈ဦးရှိနေခဲ့သည်။ ကျောက်မီးသွေးတွင်းမှာ ပုဂ္ဂလိကပိုင်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လက်ဝှေ့ကျော် အမီရ်ခန်း နည်းပြရုဘီယိုနှင့် လမ်းခွဲ

လန်ဒန် စက်တင်ဘာ ၂၁

လက်ဝှေ့ကျော်အမီရ်ခန်းသည် ၎င်း၏လက်ဝှေ့သမားဘဝတစ်လျှောက်တွင် တစ်ချီတည်းနှင့်အလဲထိုးခံရပြီးနောက် ယင်းအခြေအနေမှ ပြန်လည်ရုန်းကန်နေရစဉ်မှာပင် ၎င်းအားလေ့ကျင့်ပေးသူ ဂျော်ချ်ရှုဘီယိုနှင့်လမ်းခွဲလိုက်ပြီဖြစ်သည်။

ရှုံးနိမ့်ခဲ့

ဓနသဟာယ လိုက်ဝိတ်တန်းချန်ပီယံခန်းသည် စက်တင်ဘာ ၆ရက်က ဘရက်ဒီပရက်စကော့အား ရှုံးနိမ့်ခဲ့ပြီးနောက် ၎င်း၏ ရှုံးပွဲမရှိစံချိန် ကျိုးခဲ့ရသည်။

ပြောကြား

ဂျော်ချ်သည် ခန်းနှင့်လမ်းခွဲပြီးနောက် ၎င်း၏ ကြီးလေးသောတာဝန်မှ သက်သာရာရသွားပြီဖြစ်ကြောင်း၊ ခန်းအားပွဲစီစဉ်ပေးသူ ဖရန့်ဝါရင်၏ အားကစားကွန်ရက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်လာဖွယ်

ခန်းအားလေ့ကျင့်ပေးမည့် နည်းပြသစ်ကို မရွေးချယ်ရသေးချေ။ သို့သော်လည်း ထိပ်တန်းအမေရိကန် နည်းပြဆရာဖြစ်သည့် ဖရက်ဒီရုတ်ချ်သည် ခန်း၏ နည်းပြဖြစ်လာဖွယ်ရှိသည်။ (အင်တာနက်)

ဓာတ်အားခွဲရုံများနှင့် ဓာတ်အားခွဲရုံစီမံကိန်းမြေနေရာများ လျှပ်စစ်(၂) ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ဓာတ်အားလိုင်းများ စနစ်တကျဖြန့်ခွဲထားရှိရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် စက်တင်ဘာ ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးတိုင်း သာစည်မြို့နယ် ၁၃၂/၃၃/၁၁ KV ၁၅ MVA ယင်းမာပင်ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခွဲရုံမှူးနှင့် တာဝန်ရှိသူများက ခွဲရုံ Switch Yard အတွင်း ဓာတ်အားဝင်ရောက်မှုနှင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကဓာတ်အားလိုင်းများ စနစ်တကျဖြန့်ခွဲထားရှိရေး အလေးပေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားကာ ဝန်ထမ်းများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ပြည်ညောင်ပင်မဓာတ်အားခွဲရုံတည်ဆောက်မည့်စီမံကိန်းမြေနေရာသို့ ရောက်ရှိပြီး တည်ဆောက်ရေးတာဝန်ခံက ပြည်ညောင်ပင်မဓာတ်အားခွဲရုံတည်ဆောက်မည့် မြေနေရာနှင့်ပတ်သက်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး စီမံကိန်းမြေနေရာအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ၁၃၂/၆၆/၁၁ KV ၈၀ MVA ကလော ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံမှူးအင်ဂျင်နီယာမှူး ဦးအောင်ဇော်မိုးက ကလော ပင်မဓာတ်အားခွဲရုံမှ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများသို့ ဓာတ်အားဖြန့်ဝေထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ခွဲရုံ Control Room အတွင်းရှိ Control Pannel များရှိ ဓာတ်အားဖြန့်ခွဲမှုပြ Indicator များ၊ ခွဲရုံ Switch Yard ဧရိယာအတွင်း ကြည့်ရှုစစ်ဆေးရာ ခွဲရုံမှူးနှင့် တာဝန်ရှိသူများက ဓာတ်အား ဖြန့်ခွဲမှုစနစ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောင်းဆုံမြို့မဈေး၌ ယင်လုံဆန်ခါဖြင့် ရောင်းချမှုစစ်ဆေး

ချောင်းဆုံ စက်တင်ဘာ ၂၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မအမှတ်(၁)ဈေးအတွင်းတွင် အသားငါးများကို ယင်လုံဆန်ခါဖြင့်ရောင်းချခြင်း ရှိ မရှိ၊ အလေးတင်းတောင်း ချိန်ခွင်မှန်ကန်မှု ရှိ မရှိကို စက်တင်ဘာ ၉ရက်က ဈေးခေါင်း(၄) ဦးတိုးသူရကျော် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝေ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဘော်လီဘော နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းတက်ရန် ဘော်လီဘောအဖွဲ့ချုပ်မှ နည်းပြများ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၁

ကမ္ဘာ့ဘော်လီဘောအဖွဲ့ချုပ်နှင့် အာရှဘော်လီဘော အဖွဲ့ချုပ်တို့ ကြီးမှူးဖွင့်လှစ်သည့် ဘော်လီဘော နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းကို တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ နည်းပြဆရာများဖြစ်သည့် ဦးသိန်းဆွေနှင့် ဦးလွှမ်းမိုးတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

ဆောင်ရွက်

အဆိုပါ သင်တန်းကို ထိုင်းနိုင်ငံတွင် စက်တင်ဘာ၂၂ရက်မှ ၂၆ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများ အပါအဝင် အာရှနိုင်ငံများမှ တက်ရောက်ကြမည် ဖြစ်သည်။ သင်တန်းကြီးကြပ်သူအဖြစ် ကမ္ဘာ့ဘော်လီဘော အဖွဲ့ချုပ်မှ Dr. Dusan Jarotta က ဆောင်ရွက်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အမျိုးသမီးဆရာဝန်များအဖွဲ့ ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဒေါ်လှပန်းလမ်းရှိ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျန်းမာရေးပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးဆရာဝန်များအဖွဲ့မှ ကလေးအထူးကု၊ အထွေထွေရောဂါကု၊ မျက်စိအထူးကုဆရာဝန်များက ကျောင်းသား ကျောင်းသူ ၉၀၊ သွားအထူးကုဆရာဝန်က ကျောင်းသား ကျောင်းသူ ၁၈၀တို့အား ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် အခမဲ့ စမ်းသပ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးလှူခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်မာအေးနှင့် အတွင်းရေးမှူးဒေါက်တာဒေါ်မြတ်လေးကျင်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူများအား ဟောပြောဆွေးနွေးသည်။

ယင်းနောက် အမျိုးသမီး ဆရာဝန်များအဖွဲ့နာယက ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့သည် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက် လယ်ယာရိပ်သာ ရတနာလမ်းမကြီးနှင့် လယ်ယာ၄လမ်းထိပ် လမ်းမြေပေါ်တွင် အခိုင်အမာဆောက်ကာ ဆိုင်အရောင်းပြပြီး လူများပါ နေထိုင်ကြပါသည်။ ၄င်းဆိုင်များကြောင့် လမ်းမြေကျဉ်းမြောင်းပြီး အရေးပေါ်ကိစ္စများ ပေါ်ပေါက်ပါက ဝင်ထွက်ရန် အခက်အခဲဖြစ်နိုင်ပါသဖြင့် အဆိုပါဆိုင်များကို သင့်လျော်ရာသို့ ရှင်းလင်းပေးပါရန် တင်ပြလိုက်ရပါသည်။

လယ်ယာသား

မူးယစ်ရမ်းကားသူများ ထိန်းသိမ်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မင်္ဂလာဒုံ ပေါက်ကုန်းအပိုင်း ၁/၁၂(က)တွင် ဟင်းရောင်းသည်ဟု အမည်ခံပြီး အရက်ရောင်းသောဆိုင်များ ရှိပါသည်။ အရက်သောက်သူများသည် မိန်းကလေးငယ်များအား ကြွန်မြှေမဲ့အောင် အော်ဟစ်သီချင်းဆိုခြင်း၊ လိုက်လံနှောင့်ယှက်ခြင်းများ ပြုလုပ်နေပါသဖြင့် သက်ဆိုင်ရာက စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နေ့စဉ်ခံစားနေရသူများ

ပုသိမ်မြို့ မာတ-ဝဲဒေါင့်-ကမ်းနားလမ်း ပြုပြင်ပေးပါ

စာတည်းရှင့်-

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၇) ရပ်ကွက် မာတ-ဝဲဒေါင့်-ကမ်းနားလမ်းမှာ ကုန်တင်ကားကြီးများ ပြေးဆွဲနေမှုကြောင့် ချိုင့်ကြီးများဖြစ်ကာ ဆိုးရွားစွာ ပျက်စီးလျက်ရှိပါသည်။ မိုးတွင်းအချိန်တွင် ပုသိမ်မြစ်ရေ ဖြတ်ကျော်စီးဆင်းမှုကြောင့် ခရီးသွား ပြည်သူများ၊ အနေးယာဉ်ဆိုက်ကား၊ စက်ဘီးများ သွားလာမှုခက်ခဲလျက်ရှိပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ယာဉ်စီးခနှုန်း ပိုကောက်ခံနေ

စာတည်းခင်ဗျား-

လားရှိုးမြို့တွင်းပြေး သုံးဘီးယာဉ်လိုင်းများနှင့် ဆန်နီယာဉ်လိုင်းများမှ ယာဉ်များသည် လောင်စာဆီဈေး အကြောင်းပြ၍ လားရှိုးဘူတာမှ လားရှိုးမြို့မဈေးကြီး၊ လားရှိုးကြီးမှ လားရှိုးမြို့မဈေးကြီး ခရီးစဉ်များ ပြေးဆွဲရာတွင် သတ်မှတ်ယာဉ်စီးခ ကျပ် ၁၀၀ထက်ပိုပြီး ခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀ကောက်ခံ ပြေးဆွဲနေကြပါသည်။

အဆိုပါ ခရီးစဉ်များသို့ နေ့စဉ်သွားလာနေကြရသော ခရီးသည်များအတွက် သက်သာမှုရှိစေရေး ယာဉ်စီးခတိုးမြှင့်ကောက်ခံနေခြင်းကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နေ့စဉ်ယာဉ်စီးခရီးသည်

မန္တလေးတောင်ပေါ် စည်းကမ်းမဲ့အမှိုက်စွန့်နေ

စာတည်းခင်ဗျား-

မန္တလေးမြို့၏ ကျက်သရေဆောင် မန္တလေးတောင်ပေါ်တွင် နေထိုင်ကြသူအချို့မှာ ပလတ်စတစ်အပါအဝင် စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့စွာ ကားလမ်းဘေး တောင်စောင်းနေရာတွေမှာ နေ့စဉ်စွန့်ပစ်နေပါသည်။ မန္တလေးတောင်ကြီး သန့်ရှင်းလှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မန္တလေးသား

စည်းကမ်းပျက်ဘီယာဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ကန့်ကော်လမ်း(ကမ်းနာလမ်း)ရှိ ဘီယာဆိုင်တစ်ဆိုင်တွင် လာရောက်စားသောက်သူများ၊လူငယ်များနှင့် အမျိုးသမီးငယ်လေးများ၏ အပြုအမူများသည် ပတ်ဝန်းကျင်အနီးအနားရှိငယ်ရွယ်သူမိန်းကလေးငယ်များအတွက် အနှောင့်အယှက်ဖြစ်နေပါသည်။ ထို့ကြောင့် အဆိုပါ ဘီယာဆိုင်အား သက်ဆိုင်ရာမှ လိုအပ်သလို ဖယ်ရှားပေးပါရန် တင်ပြလိုက်ရပါသည်။

ကန့်ကော်လမ်းသားများ

အဆင့်မြင့်သီရိမင်္ဂလာဈေး ပျံကျပန်းဆိုင်များ ရောင်းချချိန် ပြန်လည်သတ်မှတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တရားဝင်လိုင်စင်ရယူကာ အဆင့်မြင့် သီရိမင်္ဂလာဈေး မြေညီထပ်ရုံ(က)တွင် ပန်းများရောင်းချနေသော ပန်းကုန်သည်များဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လစဉ်ကြေး၊ နှစ်စဉ်ကြေးများ မှန်ကန်စွာပေးဆောင်နေသူများလည်း ဖြစ်ပါသည်။ ယခုအခါ အဆင့်မြင့် သီရိမင်္ဂလာဈေး ပထမထပ်ရှိ ကားပတ်လမ်းနှင့် ယာယီပျံကျ ပန်းဆိုင်ခန်းများမှာ မူလက ညနေ၆နာရီမှ နံနက်၆နာရီအထိ သတ်မှတ်ရောင်းချခွင့်ပြုထားခဲ့ရာမှ ၂၄ နာရီလုံးလုံး ရောင်းချနေပါ၍ မြေညီထပ်ရုံ(က)ရှိ ပန်းဆိုင်ခန်းများမှာ ထိခိုက်နစ်နာပါသဖြင့် မူလအချိန်အတိုင်း ပြန်လည်သတ်မှတ်ပေးပါရန် တင်ပြအပ်ပါသည်။

နစ်နာနေသူများ

အသားကင်အနံ့ကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

(၁-၉-၂၀၀၈) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဘားအံမြို့ ကားဝင်းအတွင်းရှိ အသားကင်ဆိုင်မှ အကင်နံ့အမျိုးမျိုးနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ကျန်းမာရေးထိခိုက်၍** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဖျာပုံမြို့မဈေး လိုင်စင်ရအသားဆိုင်များလုပ်ရပ် စီစဉ်ဆောင်ရွက်ပြီး

(၁၅-၉-၂၀၀၈) ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဖျာပုံမြို့မဈေးကြီးတွင် လိုင်စင်ရအသားဆိုင်များလုပ်ရပ်ကြောင့် ဝယ်ယူစားသုံးသူများ နစ်နာနေ၍** ပေးစာနှင့်ပတ်သက်၍ သတ်မှတ်ဈေးနှုန်းနှင့်အညီ စနစ်တကျရောင်းချရေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ရွှေနန်းတော်
၂၀၀၈ ဝါကျွတ်ပွဲတော် အထူးအစီအစဉ်
စက်တင်ဘာ(၂၀)ရက်နေ့မှ
အောက်တိုဘာ(၁၅)ရက်နေ့အထိ
အချိုရည်နှင့် မုန့်မျိုးစုံပါ ဝါကျွတ်လက်ဆောင်
အမှတ်တရလက်ဆွဲအိတ်များ ပေးနေပါပြီ။
Golden Palace Diamond Card

စက်တင်ဘာ ၁၈ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကမာရွတ်မြို့နယ်ရုံးမှ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အထက(၂)ကမာရွတ်ကျောင်းနှင့်းဆီခန်းမ၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်မေလှရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက ''ကိုယ်တိုင် ထုဆစ်ပါ'' ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

C.I.T.I S.E.C
TECH BTC Work Shop
Pipe Fitting Course
Electrical Wiring Installation Course
Practical TECH
Pipe Fitter
Welding (4G)
Air - Con: & Refri:
Electrical Wiring
Motor Control
Ph: 705702,539531

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ မြေနှင့် တိုက်အိမ်ရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း(ယခင်အာတီးယားလမ်း) ခြံအမှတ်(၄၀/A)တွင် အလျား ၁၅၂ပေဒသမ ၀၀လက်မ၊ အနံ ၇၆ပေဒသမ ၀၀လက်မ အကျယ်အဝန်းရှိသော ခြံမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံကို မူလပိုင်ရှင် ဦးရွှေထွန်းအောင်၊ ဇနီး ဒေါ်တင်တင်ဦးတို့က ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ တရားဝင်အမည်ပေါက် စာချုပ်စာတမ်းဖြင့် လွှဲပြောင်းလှူဒါန်းထားခဲ့ပါသည်။ အလှူရှင်များ၏ ဆန္ဒအာသီသနှင့်အညီ ရွှေတိဂုံစေတီတော်၏ ဘဏ္ဍာတော်ငွေရရှိစေရန် အဆိုပါမြေနှင့် တစ်ထပ်တိုက်အဆောက်အအုံကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဝယ်ယူလိုသူများ တင်ဒါပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ငွေကျပ် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၃-၁၀-၂၀၀၈ရက် မွန်းလွဲ ၁၃း၀၀နာရီ နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဝင်းကြိုင်၊ အတွင်းရေးမှူး
ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့။



ဝိုင်းမော်၌ မြို့ဝင်ဆိုင်းဘုတ် သာယာလှပရေး ဆောင်ရွက်

ဝိုင်းမော် စက်တင်ဘာ ၂၁

ဝိုင်းမော်မြို့၌ မြို့ဝင်ဆိုင်းဘုတ်များ သာယာလှပရေး လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၃) ဦးခင်မောင်ငြိမ်း ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးငွေလွင်စိုးက ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အရှင်ဓမ္မဓိက (မဟာဓမ္မ)

ရန်ကုန် စက်တင်ဘာ ၂၁

အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ''အဌမ'' အကြိမ် ပြည်နယ်နှင့်တိုင်း ဘီလီယက်နှင့် စနူကာပြိုင်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ APEX စနူကာစင်တာ၌ အောက်တိုဘာ ၁၈ရက်မှ၂၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ဘီလီယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

နှိုးဆော်ထား

ပြိုင်ပွဲတွင် ဘီလီယက် တစ်ဦးချင်း၊ စနူကာ တစ်ဦးချင်းနှင့် ဘီလီယက်အသင်းလိုက်၊ စနူကာ အသင်းလိုက်ပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော ပြည်နယ်နှင့် တိုင်းအသီးသီးသည် မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာ အဖွဲ့ချုပ် အောင်ဆန်းကွင်း ဖုန်း- ၃၇၅၁၀၄ နှင့် အတွင်းရေးမှူး ဖုန်း-၀၉-၅၁-၉၇၅၇၈ တို့သို့ အောက်တိုဘာ၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အားမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

ပုသိမ်ကြီးမြို့နယ်၌ ဂေါက်သီးရိုက်လေ့ကျင့်ရေး အဆောက်အအုံ သတ်မှတ်စံချိန်စံညွှန်းနှင့် အမြန်ပြီးစီးရေး ဆောင်ရွက်

မန္တလေး စက်တင်ဘာ ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် စက်တင်ဘာ ၅ရက် နံနက် ၁၀နာရီက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ ရေတံခွန်တောင်ဂေါက်ကွင်းတွင် အာရ်စီတစ်ထပ် ဂေါက်သီးရိုက်လေ့ကျင့်ရေး အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၊ အမှတ်(၁)ဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင်ဂေါက်ကွင်းတွင် အလျား ၁၃၂ပေ၊ အနံပေ၃၀ရှိ အာရ်စီတစ်ထပ် ဂေါက်သီးရိုက်လေ့ကျင့်ရေး အဆောက်အအုံ (Practice Range) တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ဂေါက်သီးရိုက်လေ့ကျင့်ရေး အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးကို အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ အမှတ်(၁) ဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အတွင်းရှိ ငါးမွေးမြူရေးကန်သို့ရောက်ရှိလာရာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးခင်မောင်ဆွေက ငါးမွေးမြူရေးကန် ၁၆ကန်အတွင်း ငါးများမွေးမြူထားရှိမှုနှင့် ဈေးကွက်သို့တင်ပို့ရောင်းချရန်ဖမ်းဆီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ငါးမွေးမြူရေးကန်များတွင် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းများ မွေးမြူထားရှိမှု၊ ဈေးကွက်သို့တင်ပို့ ရောင်းချရန်အတွက် ဖမ်းဆီးနေမှုနှင့် မော်တော်ယာဉ်များဖြင့် ငါးများတင်ဆောင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(၁၁၃)**



ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကလေးမြို့နယ် ကျီကုန်းကျေးရွာရေရရှိရေးအတွက် မြစ်သာမြစ်မှ မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေနိုင်ရန် ထောင်ပြည့်ကုန်းပေါ်တွင် ဂါလန်၃၀၀၀ဆံ့ အုတ်ရေကန်ဆောက်လုပ်ထားရှိမှုကို ဇူလိုင်၂၇ရက်က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကဝမြို့နယ် တက္ကသိုလ်ဝင်တန်း စေတနာ့ညကျောင်းဖွင့်ပွဲနှင့် အလှူရှင်များ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ၁ရက်က ကဝမြို့ အထက အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စေတနာ့ညကျောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ကြင်ဝင်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့လှိုင်နှင့်အဖွဲ့ဝင်များက အလှူငွေများ ပေးအပ်စဉ်။ (၀၆၄)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်း ဒုညွှန်/ချုပ် စစ်ဆေး

စစ်ကိုင်း စက်တင်ဘာ ၁၂

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွှန့်သည် ဩဂုတ် ၂၈ရက် နံနက်က စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ရငွေ/သုံးငွေလျာထားချက်နှင့် ရရှိသုံးစွဲမှု၊ မြို့ပြကျေးလက်လမ်း၊တံတားနှင့် ရေပေးရေးလုပ်ငန်းများပြီးစီးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် အဖွဲ့ပိုင်ဈေးကြီးသို့ သွားရောက်ပြီး သားငါးရုံများ၊ ဈေးဆိုင်ခန်းများ၊ ရေမြောင်းများ၊ ဈေးအတွင်းရေရရှိမှုအခြေအနေနှင့် မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရွှေမင်းဝံ (ရတနာပုံမြို့ပတ်လမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းသို့သွားရောက်ပြီး လမ်းအရည်အသွေး ကောင်းမွန်ရေးနှင့် လမ်းဘေးဝဲယာရေမြောင်းဖောက်လုပ်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး မှာကြားကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



မန္တလေးတိုင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ရေပေးရေး ရေစက်ရုံအမှတ်(၂)တိုးချဲ့ပြုပြင်မှုကို အမှုဆောင်အရာရှိ ဦးရဲနိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြိုင်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြော

ပခုက္ကူ စက်တင်ဘာ ၁၆

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟောပြောပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက ပခုက္ကူခရိုင် မြိုင်မြို့နယ် တိုင်းတောမအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်သီတာထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းက တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများအား အောင်ချက် မြင့်မားရေး ရည်ရွယ်လျက် ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။

(၀၇၀)

မိတ္ထီလာမြို့၌ ကျေးလက်လမ်းခင်းရန် ကျောက်များစုဆောင်း

မိတ္ထီလာ စက်တင်ဘာ ၁၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက် လမ်းတံတားများ တိုးတက်ကောင်းမွန်စေရေးအတွက်၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကျောက်ချောလမ်း လေးလမ်း အရှည် ခြောက်မိုင်၊ မြေသားလမ်းငါးလမ်း အရှည် (၉/၇)မိုင်၊ကျေးလက်လမ်းပြုပြင်ထိန်းသိမ်းခြင်းကိုးလမ်း အရှည် (၁၂/၆ ဒသမ၀၆) မိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ရာ ဩဂုတ် ၂၀ ရက်က ကန်တောင်-မုန်ပင်ဆည် ကျေးလက်ကျောက်ချောလမ်း ခင်းရန် ကျောက်စုဆောင်းခြင်းလုပ်ငန်းကို လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးညီညီသန့် ကွင်းဆင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိက ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

တမူးခရိုင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

တမူး စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်း တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက်၉နာရီက အထက ကဘော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများက ရာသက်ပန် ပြည်ထောင်စု တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းစံဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာ အောင်မြင်ကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အထက်တန်းကျောင်းအတွက် လှူဒါန်းသော အားကစားပစ္စည်းများကိုကျောင်းအုပ်ဆရာကြီး ဦးဗျတ်မုန်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကချင်ပြည်နယ် ဟိုပင်မြို့သာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုလမ်းမကြီးဘေး မြေယာရှုခင်း ပြုပြင်မှုကို အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်ထွဋ်မှူး ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့ အထက်တန်းကျောင်း ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

ကျွန်းလှ စက်တင်ဘာ ၁၃

ကျွန်းလှမြို့၌ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီနှင့် မြို့မိ မြို့ဖတို့ ပူးပေါင်း၍ ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက်က အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကား ပြောကြားပြီး အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမ ဒေါ်သစ်သစ်မြင့်က အောင်ချက်ရာနှုန်း မြင့်မားရေးနှင့် ပတ်သက်၍ ရှင်းလင်းကာ ဂုဏ်ပြုပွဲ ကျင်းပရေး ကော်မတီဝင် ဦးသောင်းညွန့်၊ ဦးထွန်းဝင်းနှင့်ဦးတင်အောင်တို့က ဂုဏ်ပြုဆုချီးမြှင့်ရခြင်းအကြောင်း ရှင်းလင်းသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဘာသာစုံ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၁ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၆ဦးတို့အား တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာတတ်မြောက်ရေးနေ့ ဖလမ်း၌ ကျင်းပ

ဖလမ်း စက်တင်ဘာ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ၈ရက် နံနက်၁၀နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဖလမ်းမြို့ ရှုလွယ်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးဇော်ဝင်းက အမှာစကား ပြောကြားပြီး အထက(၁)ဖလမ်းကျောင်းအုပ်ဆရာမကြီးဒေါ်မြမြက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ စက်တင်ဘာ ၇ ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော အမြန်သဲရေစစ်ကန်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရမည်းသင်းမြို့ သန့်ရှင်းသာယာလှပရေး မင်္ဂလာကျုံးမှ ဗေဒါနှင့် အမှိုက်များဆယ်ယူ

ရမည်းသင်း စက်တင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို ကြိုဆိုသောအားဖြင့် ရမည်းသင်းမြို့ သန့်ရှင်းသာယာလှပစေရန် မင်္ဂလာကျုံးတွင်းရှိ ဗေဒါပင်များနှင့် အမှိုက်များ စုပေါင်းဆယ်ယူခြင်း မြို့လုံးကျွတ် သန့်ရှင်းရေးလုပ်ငန်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ စုပေါင်းဆောင်ရွက်ကြသည်။

မင်္ဂလာကျုံးတွင်းရှိ ဗေဒါနှင့်အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းကို ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲသင်တန်းကျောင်း သင်တန်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်း ၈၇၀ ကျော်ဖြင့် ဆောင်ရွက်ကြသည်။

ဗေဒါပင်များ၊ အမှိုက်များ ဆယ်ယူခြင်းနှင့် မြို့လုံးကျွတ် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ယာယီ)ဒုတိယရဲမှူးမောင်မောင်တာနှင့် အဖွဲ့ဝင်များက ကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

တောင်ကြီးခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ စွမ်းရည်မြှင့် အင်္ဂလိပ်စကားပြော သင်တန်းဖွင့်

တောင်ကြီး စက်တင်ဘာ ၁၆

တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဝန်ထမ်းများ စွမ်းရည်မြှင့် အင်္ဂလိပ်စကားပြောသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက် ညနေ ၃နာရီက တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မေလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးထွန်းအောင်နှင့် ဦးစိုင်းမြင့်ကျော်မိုးတို့က အင်္ဂလိပ်စကားပြောသင်တန်းနှင့်ပတ်သက်၍ ပို့ချဆွေးနွေးမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။**(ယာပုံ)**

တက်ရောက်

အဆိုပါ သင်တန်းသည် သုံးလကြာမြင့်မည်ဖြစ်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းသင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သံတွဲမြို့နယ် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်

သံတွဲ စက်တင်ဘာ ၁၀

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ဌာနအတွင်း ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက်၁၀နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ စာရေးဝန်ထမ်း ၇၀ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ရုံးဝန်ထမ်းများစုပေါင်း၍ ပျိုးပင်များ ပျိုးထောင်ခြင်းနှင့် ပေါင်းနုတ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ရက်က အောင်မင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။ (၁၀၀)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မြိုတ်၌ဆောင်ရွက်

မြိတ် စက်တင်ဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးဦးအေးကြွယ်သည် တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ တာဝန်သူများ လိုက်ပါလျက် စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲက မြိတ်ခရိုင် မြိတ်မြို့ရှိ တုံးဗျောကျေးရွာအုပ်စု တုံးဗျောငယ်ရွာ တက်နေဝန်း စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ဖတ်ရှုနိုင်ရေး

ထို့နောက် ညွှန်ကြားရေးမှူး ဦးအေးကြွယ်က ကျေးရွာနေပြည်သူများ စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်ရန်ပုံငွေများ စုစည်း၍ တိုးပွားလာအောင် စည်းရုံးဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိဒေါ်နီနီချိုနှင့် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းတို့က ဖြည့်စွက်အကြံပြုဆွေးနွေးကြပြီး ကျေးရွာဥက္ကဋ္ဌဦးအောင်မြတ်သူက မိမိကျေးရွာအုပ်စုအတွင်း ပွင့်လင်းရာသီတွင် ကျေးရွာများအားလုံး ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံ ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

တံတားဦး၌ စီမံကိန်းသီးနှံ မိုးစပါးစိုက်ပျိုး

တံတားဦး စက်တင်ဘာ ၁၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၇ရက် နံနက် ၉နာရီက တံတားဦးမြို့နယ် မြင်စိုင်းရှေ့တန်းစခန်း ကွင်းအမှတ် (၁၄၃၁)နှင့် မြင်းသည်ရှေ့တန်းစခန်း ကွင်းအမှတ်(၁၂၅၇/ခ)တို့တွင် စီမံကိန်းသီးနှံ မိုးစပါးစံပြဧက၁၀၀ စိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

အပြည့်အဝ စိုက်ပျိုး

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးမောင်မောင်သည် တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ ကွင်းအလိုက်ရှေ့တန်းစခန်းမှူးများနှင့်တွေ့ဆုံပြီး စီမံကိန်းသီးနှံ မိုးစပါးလျာထားချက် အပြည့်အဝစိုက်ပျိုးရေး မှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဈေးများအတွင်း ဆေးဝါးအာနိသင်အကျိုးသက်ရောက်ခြင်း မရှိသော မိုင်ဘောစင်ငုံဆေးများကို တရားမဝင် တင်သွင်းရောင်းချခြင်းမပြုရေးအတွက် ဩဂုတ် ၂၀ ရက်က မြို့နယ်အစားအစာနှင့် ဆေးဝါး ကြီးကြပ်ရေးကော်မတီဝင်များ၊ အမှုဆောင်အရာရှိ ဦးမောင်တိုး၊ ဈေးခေါင်း(၄) ဦးမြင့်သိန်းနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စည်ပင် ကျေးလက်တံတား ပြင်ဆင်

ထားဝယ် စက်တင်ဘာ ၁၀

ထားဝယ်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော ဟာမြင်းကြီးရွာအဝင် ကျေးလက်တံတားပြင်ဆင်မှုကို ဩဂုတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

22-9 (16).pmd 1 9/23/2008, 2:41 AM

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များ ပြည့်စုံကောင်းမွန်အောင် ကြိုးပမ်းပြုစု စာပေဗိမာန်စာအုပ်ဆိုင်ကို ပုဂ္ဂလိကအရောင်းဆိုင်များကဲ့သို့ ပြောင်းလဲလုပ်ဆောင်



ရန်ကုန် စက်တင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်၌ ကျင်းပသည့် စာပေဗိမာန်စာအုပ်ဆိုင်နှင့်စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တို့ အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေဗိမာန်စာအုပ်ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာတည်းမှူးချုပ် ဦးကိုကိုထွေးနှင့် ဌာနခွဲမှူး(ထုတ်လုပ်) ဒေါ်မြင့်သီတာခိုင်တို့က ပြင်ပစာအုပ်တိုက်များမှ စာအုပ်များ အပ်နှံရောင်းချမှု၊ အရောင်းကောင်တာ သုံးခုဖွင့်လှစ်၍ ပြင်ပတိုက်ထုတ်စာအုပ်များ၊ အစိုးရတိုက်ထုတ်စာအုပ်များနှင့် စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာအုပ်များ ခင်းကျင်းရောင်းချနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ●

မြန်မာ့အလင်း သတင်းအညွှန်း

❐ သူတို့အတွေးနှင့်အမြင် — စာ - ၅

❐ သားသမီးဇောဖြင့် စိတ်နောက်ကိုယ်ပါ ပြုမိခဲ့ရာဝယ်....

သားသမီးဇောဖြင့် စိတ်နောက်ကိုယ်ပါ ပြုမူပြီး ခံစားချက်ကို ဖြေဖျောက်ခဲ့သည့်အတွက် ထောင်ဒဏ်ကျခံခဲ့ရသော ရှန်နွန်တောရက်ဗ်၏သင်ခန်းစာယူဖွယ်။

ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ - ၅

❐ ဘဝအမောပြေ — စာ - ၅

❐ ၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ်၌ စောင့်ကြည့်ရမည့် ဘောလုံးသမားများ

ကမ္ဘာတစ်လွှားအားကစား စာ - ၁၁

အာဖရိက၊ ဥရောပ၊ တောင်အမေရိကနဲ့ အရှေ့အလယ်ပိုင်းဒေသ ကမ္ဘာ့ပရိသတ်များအားပေးမှုကို တစ်ခဲနက်ရရှိနေကြသော

အောင်မြင်ကျော်ကြား အာရှအနုပညာရှင်များ၏ ပုံရိပ်များ

ပြည်ပအနုပညာသတင်း - မိုးမြင့်လင်းလက် — စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

အာရှရဲ့'ကေပေါ့'လူငယ်ဈေးကွက်ကိုဦးတည်ထားတဲ့ သီချင်းအယ်လ်ဘမ်အသစ် ထုတ်ဦးမယ့် ကိုရီးယားသရုပ်ဆောင်နှင့် အဆိုတော် ရိန်း။

ဆိုးလ် စက်တင်ဘာ ၂၁

ကမ္ဘာပေါ်မှာတော့ အာရှရုပ်ရှင်အနုပညာရှင်တွေဟာ အာဖရိက၊ ဥရောပ၊ တောင်အမေရိကနဲ့ အရှေ့အလယ်ပိုင်းဒေသစတဲ့ နေရာတွေအထိ အောင်မြင်ကျော်ကြား လူကြိုက်များကြပါတယ်။ ဇာတ်လမ်းဇာတ်အိမ်တည်ဆောက်မှု၊ ဒါရိုက်တာများရဲ့ ရိုက်ကူးတင်ပြပုံကောင်းမွန်မှု၊ သရုပ်ဆောင်များရဲ့ အပိုအလိုမရှိ သရုပ်ဆောင်နိုင်ကြမှုနဲ့ ကြိုးစားအားထုတ်မှု၊ ပြောင်းလဲဆန်းသစ်လာတဲ့ စက်မှုပိုင်းဆိုင်ရာများရဲ့ ပံ့ပိုးဖြည့်ဆည်းနိုင်မှုတွေကြောင့် အာရှရုပ်ရှင်ဇာတ်ကားတွေနဲ့

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပင်လယ်ပျော်မင်းသားဇာတ်ကားမှာ ဂျောင်ဝါအဖြစ် ပရိသတ်ရင်မှာ စွဲငြိနေတဲ့ တောင်ကိုရီးယားအမျိုးသမီးသရုပ်ဆောင်ဆူအီးရဲ့ ချစ်စဖွယ်အလှ။

ချယ်လ်ဆီး အိမ်ကွင်းရှုံးပွဲမရှိစံချိန် မန်ယူမချိုးဖျက်နိုင် မန်ယူတို့အဖွင့်ဂိုး စောစီးစွာ သွင်းနိုင်သော်လည်း မထိန်းနိုင်ခဲ့

ပတ်ဂျီဆန်နှင့် ကာလူးတို့ဂိုးများကြောင့် တစ်မှတ်စီခွဲယူခဲ့ရ

အားကစားသတင်းမှတ်စု
မောင်ချစ်ကြည်

လန်ဒန် စက်တင်ဘာ ၂၁

ပရီမီယာလိဂ် ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စတန်းဖို့ဒ်ဘရစ်ချ်ကွင်း၌ စက်တင်ဘာ ၂၁ရက်က အကြိတ်အနယ်ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ မန်ယူတို့အဖွင့်ဂိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း သရေပွဲနှင့် ကျေနပ်ခဲ့ရသည်။

ပွဲပိုး

အိမ်ရှင်ချယ်လ်ဆီးအသင်းတို့က တိုက်စစ်တွင် အနယ်လ်ကာတစ်ဦးတည်း အထောင်ထားကာ ကွင်းလယ်၌ ဘောလက်၊ မာလူဒါ၊ ဂျိုကိုးလ်၊ ဂျွန်အိုဘီ၊ လမ်းပတ်တို့ ငါးဦးအထိ

စာမျက်နှာ ၆ ကော်လံ ၁ ■

မန်ယူအတွက် အဖွင့်ဂိုး

ချယ်လ်ဆီးနှင့် မန်ယူတို့ပွဲတွင် မန်ယူမှ ပတ်ဂျီဆန် ပထမပိုင်း ၁၈ မိနစ်တွင် အဖွင့်ဂိုးကို ဤသို့ သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)